မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၆)၊ အမှတ်(၀၃၆)

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကျင်းပ

အင်းတော်ကြီးကန်နှင့် ရေဝေရေလဲဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် တရားမဝင်ရွှေတူးဖော်မှုများ လျော့နည်းပပျောက်စေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❂

ဘားအံစက်မှုဇုန်၌ တစ်နှစ်လျှင် တန်ချိန် ၁၂၀၀ ခန့် ထုတ်လုပ်မည့် ဂေါဒန်ကျောက်မှုန့် မြေဩဇာစက်ရုံဖွင့်

ဘားအံ နိုဝင်ဘာ ၄

(၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုလုပ်ပြသောအားဖြင့် ဘားအံစက်မှုဇုန် ဇုန်အမှတ် (၂) ၌ တစ်နှစ်လျှင်စက်စွမ်းအားတန်ချိန် ၁၂၀၀ ခန့် ထုတ်လုပ်နိုင်မည့် စိန်သုံးလုံး ဂေါဒန်ကျောက်မှုန့်မြေဩဇာစက်ရုံကို ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

စိန်သုံးလုံး ဂေါဒန်ကျောက်မှုန့်မြေဩဇာစက်ရုံကို ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေကျပ်သန်း ၅၀၀ ဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၄ ကော်လံ ၁ ▼

ယနေ့ ဖတ် စ ရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ ပြည်တွင်းသတင်း ➤ ၄

ကမ္ဘာသစ်တောများနှင့် မြန်မာ့သစ်တောများအကြောင်း တစေ့တစောင်း ဆောင်းပါး ➤ ၆

ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ပြည်တွင်းသတင်း ➤ ၁၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

ပန်ဆန်း နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊

စာမျက်နှာ ၄ ကော်လံ ၁ ❖



ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသော မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်

စာမျက်နှာ ၇ ကော်လံ ၁ ✻

သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကို ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ

စာမျက်နှာ ၇ ကော်လံ ၃ ✻

ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကို ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စည်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ်

စာမျက်နှာ ၇ ကော်လံ ၅ ✻



CMP လုပ်ငန်းများ၏ လိုအပ်သည်များကို စိစစ်ဖြည့်ဆည်း အားပေးဆောင်ရွက်ရန်လို

မြန်မာနိုင်ငံရှိ ကုန်ကြမ်းယူ၊ ကုန်ချောပေး လက်ခစားလုပ်ငန်း (Cutting, Making, Packaging – CMP) လုပ်ငန်းများသည် နိုင်ငံ၏ပို့ကုန်ကဏ္ဍနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အဓိကကျသောနေရာမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ CMP လုပ်ငန်းများတွင် အထည်ချုပ်လုပ်ငန်းသည် အကြီးမားဆုံးဖြစ်ပြီး ဖိနပ်အမျိုးမျိုးလုပ်ငန်းများ၊ ခရီးဆောင်အိတ်နှင့် အိတ်အမျိုးမျိုးလုပ်ငန်းများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းများ၊ အလှကုန်၊ လူသုံးကုန်နှင့် ကလေးကစားစရာ ထုတ်လုပ်မှုလုပ်ငန်းများ၊ အားကစားပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

မြန်မာနိုင်ငံတွင် လည်ပတ်လုပ်ကိုင်နေသော အထည်ချုပ်အပါအဝင် စုစုပေါင်း CMP စက်ရုံနှင့် လုပ်ငန်းအရေအတွက် ၇၀၀ ကျော်ရှိရာ အထည်ချုပ်စက်ရုံ ၆၀၀ ခန့်ပါရှိပြီး လုပ်သားအင်အား စုစုပေါင်း ၅ သိန်းမှ ၈ သိန်းကြား ဝင်ရောက်လုပ်ကိုင်နေကြကာ နိုင်ငံ၏အဓိကပို့ကုန် ဝင်ငွေရကဏ္ဍာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ “စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲသည့်လုပ်ငန်းများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုဖြစ်သည့် အထည်ချုပ်လုပ်ငန်း (CMP) ဆောင်ရွက်ကြသည်များလည်း ရှိပြီး ယင်းလုပ်ငန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများရှိမှသာလျှင် ဆောင်ရွက်၍ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၌ လုပ်ကိုင်ဆောင်ရွက်နေကြသူများ အများအပြားရှိကြသဖြင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့ရှုရှင်စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လိုအပ်သည်များ စိစစ်ဖြည့်ဆည်းအားပေးဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း” အောက်တိုဘာ ၂၈ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အထည်ချုပ် (CMP) လုပ်ငန်းများနှင့် စက်ရုံများသည် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်စုန်းများတွင် အများဆုံးဖြစ်ပြီး ဆိပ်ကမ်းတင်ပို့မှုနှင့် လျှပ်စစ်ဓိ ပိုမိုကောင်းမွန်သဖြင့် ပြည်ပပို့ကုန် စက်ရုံအများစု စုဝေးလျက်ရှိသည်။ ရန်ကုန်နှင့် အနီးဆုံးဖြစ်ပြီး မြေငှားရမ်းခသက်သာသော ပဲခူးမြို့အနီး ဝန်းကျင်၌လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစက်ရုံများ တိုးပွားလာသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အလုပ်သမားအင်အား ပေါများပြီး မြေငှားရမ်းခသက်သာသည့် အားသာချက်ကြောင့် ပုသိမ်စက်မှုဇုန်တွင် အထည်ချုပ်စက်ရုံအချို့ရှိနေကာ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် CMP လုပ်ငန်း အနည်းငယ်စီ တည်ရှိနေသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံရှိ CMP လုပ်ငန်းများ (အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများ) သည် အော်ဒါရရှိမှု ကျဆင်းလာခြင်း၊ ကုန်ကြမ်းသွင်းရန် ခက်ခဲခြင်းနှင့် လုပ်သားရှားပါးခြင်း စသည့် စိန်ခေါ်မှုများကြောင့် လုပ်ငန်းများ ရေရှည်ရပ်တည်ရန် ရုန်းကန်နေကြရကြောင်း သတင်းအချို့တွင် တွေ့ရှိရသည်။ ထို့အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် မူဝါဒ၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် အစားထိုး စွမ်းအင်စရိတ်မြင့်တက်လာခြင်း စသည့် အခက်အခဲများလည်းရှိနေပြီး အစိုးရနှင့် UMFCCI တို့ ပူးပေါင်းညှိနှိုင်း အဖြေရှာဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ CMP လုပ်ငန်းများ၊ အထူးသဖြင့် အထည်ချုပ်ကဏ္ဍသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ ပြည်ပဝင်ငွေရှာဖွေပေးနေသည့် ထိပ်တန်းပို့ကုန်ကဏ္ဍဖြစ်သည်။ ယင်းသည် စုစုပေါင်း စက်မှုကုန်ချောပို့ကုန်ကဏ္ဍတွင် ဝင်ငွေရရှိမှု အမြင့်ဆုံးအဖြစ် ရပ်တည်လျက်ရှိရာ အထည်ချုပ်ကဏ္ဍဝင်ငွေအကောင်းဆုံးနှစ်တစ်နှစ် ဖြစ်သည့် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံပေါင်း ၁၀၀ ကျော်သို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဘဝမ ၃ ဘီလီယံအထိ စံချိန်တင် ရှာဖွေပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ စုစုပေါင်း ပြည်ပပို့ကုန်ကဏ္ဍတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်းကျော်သည် အထည်ချုပ်လုပ်ငန်းများဖြစ်ပြီး သဘာဝဓာတ်ငွေ့နှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရာမှရရှိသည့် ဝင်ငွေထက် ပိုမိုများပြားသည်။

CMP လုပ်ငန်းများသည် လစဉ် အမေရိကန်ဒေါ်လာသန်း ရာနှင့်ချီ၍ နိုင်ငံခြားငွေရှာဖွေပေးနေခြင်းဖြစ်ရာ ယင်းလုပ်ငန်းများအဆင်ပြေချောမွေ့စွာ လည်ပတ်လုပ်ကိုင်နိုင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအသီးသီးတို့က ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုသည်။ CMP လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းအားဖြင့် လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးကာ နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းစေပါမည့်အကြောင်း။ ။

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ် ၁၄၃ /၂၀၂၆

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၄ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၄) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် စည်ပင်ဧည့်ရိပ်သာ (၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်းကျေးရွာ၊ ရွာတောကျေးရွာနှင့် အလျင်လိုကျေးရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၄၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၆၅၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၆၅	၄၇၀၅	၄၆၃၅
95 Ron	၄၅၆၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၁၅	၄၆၉၅	၄၈၄၅	၄၇၆၀	၄၇၄၅	၄၇၅၅	၄၆၈၀
HSD (500 ppm)	၄၃၁၅	၄၆၆၅	၄၆၂၀	၄၃၃၀	၄၆၇၀	၄၆၈၀	၄၇၀၅	၄၆၀၀	-	၄၆၈၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၃၅
HSD (50 ppm)	၅၄၀၀	၅၆၃၅	၅၅၃၀	၅၄၃၅	၅၆၀၅	၅၆၀၅	၅၆၃၀	၅၅၆၅	၅၆၃၅	၅၆၆၀	၅၅၃၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၃၅	၅၅၈၅
HSD (10 ppm)	၅၄၀၀	၅၆၃၅	၅၅၃၀	၅၄၃၅	၅၆၀၅	၅၆၀၅	၅၆၃၀	၅၅၆၅	၅၆၃၅	၅၆၆၀	၅၅၃၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၃၅	၅၅၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	- ကျော်သူဝင်း၊ တင်မောင်လွင်
စာတည်းမှူး	- ခင်ရတနာ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	- ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း	စာတိုပုံသတင်းထောက်	- တင်စိုး
ဘာသာပြန်စာတည်း	- ခြူးစန်ခွန်း၊ တင်လင်းအောင်၊	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- မိုမိုအေးနှင့် ခွန်ဃနိတို့အဖွဲ့
	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	- အိအိခင်နှင့် အဖွဲ့	စာပြင်	- ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ခုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

◎ ရှေ့ဖုံးမှ

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ပေးနိုင်ရေး၊ အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရေး၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ အင့်းမြေဂရန်အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို ထိရောက်စွာ အရေးယူပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၇ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှ-ဆင်တဲကုန်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှ မြို့နယ် မင်းလှ-ဆင်တဲကုန်းလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ ကတ္တရာလမ်း ၃ မိုင် ၁ ဒသမ ၇၅ ဖာလုံအနက် ၀ မိုင် နှင့် ၂ မိုင် ၃ ဖာလုံကြား ၂ မိုင် ၃ ဖာလုံ လမ်းပိုင်းမှာ မိုးများပြီး ရေတိုက်စားထား၍ သွားလာရခက်ခဲလျက် ရှိပါကြောင်း။

အဆိုပါကတ္တရာလမ်းပိုင်း ၂ မိုင် ၃ ဖာလုံအနက် မင်းလှမြို့အထွက် (၀) မိုင်မှစ၍ ၃ ဒသမ ၅ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း နှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးမမိုးလောင်ဝိုး၏ **လဟယ်မြို့နယ် တိုက်ရံချောင်းတွင် ဆိုင်ကယ်ကူးကြိုးတံတားအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လဟယ်မြို့နယ် လဟယ်-တိုက်ရံ-ဝေါင်ညိုနောင်-ရောင်ဖွန်လမ်းပေါ်ရှိ တိုက်ရံချောင်းကူးတံတားသည် အလျား ပေ ၃၀၀၊ အကျယ် ၄ ပေ ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျေးရွာများမှ သစ်သား၊ မျော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ကြိုးတံတားတစ်စင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ဆိုင်ကယ်နှင့် လူများ သွားလာရန် ခက်ခဲလျက်ရှိပါကြောင်း။

လတ်တလော သွားလာမှုအဆင်ပြေစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသနှင့် ကိုက်ညီသော ဒီဇိုင်းကို ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အရ ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **အများပြည်သူဆိုင်ရာ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်းအား ပွင့်လင်းမြင်သာစွာချပြရန်နှင့် စီမံကိန်းများ ပြောင်းလဲပါက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၀ အရ ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၀၂ နည်းဥပဒေ ခွဲ (ဂ) အရ ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရေး ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်သည့် စီမံကိန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူပြီးဖြစ်သည့်အပြင် အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြပြီးဖြစ်သည့် စီမံကိန်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အများပြည်သူနှင့် သက်ဆိုင်သည့် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများ တည်နေရာပြောင်းလဲခြင်းနှင့် လုပ်ငန်းအမျိုးအစား/ စံချိန်စံညွှန်းပြောင်းလဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိစေနိုင်ရန်အတွက် ပြောင်းလဲမည့်လုပ်ငန်း/ စီမံကိန်းအပေါ်မူတည်၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးညှိနှိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အဓိကတန် သဘာဝအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့်ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းတော်ကြီးကန်သည် နိုင်ငံတကာ အသိအမှတ်ပြုထားသည့် အရေးပါသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သလို ကချင်ပြည်နယ်၏ အထင်ကရဒေသတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းတော်ကြီးကန်နှင့် ရေဝေရေလဲဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် တရားမဝင် ရွှေတူးဖော်မှုများ လျော့နည်းပပျောက်စေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘေးမဲ့တောအတွင်း တရားမဝင်ရွှေတူးဖော်မှုများကိုလည်း သက်ဆိုင်ရာဥပဒေများနှင့်အညီ တားဆီးအရေးယူပြီး အင်းတော်ကြီးကန်၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယ မြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်ရှိ ကျေးရွာအုပ်စု ၈ စုမှ ကျေးရွာ ၂၂ ရွာအနက် အင်းငယ်ကျေးရွာမှာ လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ကျေးရွာ ၂၁ ရွာအနက်မှ သိမ်ကုန်းကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၃ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှုမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်း လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းဖဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ရပ်ကွက်(၁)၊ (၂)၊ (၃) တို့တွင် နေထိုင်သူများအတွက် အင့ဒမြေဂရန် အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဧရာဝတီတိုင်းဒေသကြီး ကျုပ္ပော်ခရိုင် ကျောင်းကုန်းမြို့တွင် မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်ရှိပြီး အဆိုပါရပ်ကွက်များသည် မြို့မြေပြန်တမ်းများအရ ရပ်ကွက်အဖြစ် ဖွဲ့စည်းထားရှိသော်လည်း ယနေ့အချိန်အထိအမှတ်(၁)နှင့် အမှတ်(၂) ရပ်ကွက်တို့ကိုသာ မြို့မြေကွက်အဖြစ် ၁၉၀၅-၁၉၀၆ ခုနှစ်ကတည်းက မြေတိုင်းတာမှုရှိခဲ့ပြီး အမှတ်(၃)၊ အမှတ်(၄) နှင့် အမှတ်(၅)ရပ်ကွက်တို့မှာ ယနေ့အချိန်အထိ မြို့မြေကွက်များအဖြစ် တိုင်းတာသတ်မှတ်ခဲ့ခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ကွက်စိပ်တိုင်းတာပြီးသည့် မြို့ပေါ်ရပ်ကွက်များမှ မြေများကို လူနေထိုင်ရန်နှင့် စက်မှု/စီးပွားမြေငှားဂရန်များအတွက် အမှတ်(၁) ရပ်ကွက်တွင် ၉၃ ဦး၊ အမှတ်(၂) ရပ်ကွက်တွင် ၃၁၆ ဦး၊ အမှတ်(၃)ရပ်ကွက်တွင် ၂၂၆ ဦးတို့အား ခွင့်ပြုထုတ်ပေးထားခဲ့ပြီး ဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့တွင် မြို့မြေကွက်များအဖြစ် ကွက်စိပ်မြေတိုင်းတာထားမှုမရှိခြင်း၊ မြို့အဖြစ်သတ်မှတ်ထားပြီး တိုးချဲ့ရပ်ကွက်များအဖြစ် ဖွဲ့စည်းသတ်မှတ်ထားရှိခဲ့သော်လည်း သက်ဆိုင်ရာ မူလမြေမျိုးအား လူနေထိုင်ရန် မြို့မြေအဖြစ် မြေအသုံးချခွင့်ကို ဆောင်ရွက်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူနေထိုင်ရန်အတွက် အသုံးပြုသော မြေသည် လယ်ယာမြေ သို့မဟုတ် စားကျက်မြေအမျိုးအစားဖြစ်ပါက မြို့မြေ အသုံးပြုနိုင်ရန် အဆင့်ဆင့် တင်ပြပြီး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ မြေအမျိုးအစားအလိုက် အခြေနည်း အသုံးပြုခွင့်များ ရယူဆောင်ရွက်ပြီးမှသာလျှင် မြို့မြေကွက်မြေတိုင်းတာခြင်း လုပ်ငန်းစီမံချက် ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပြီး မြို့မြေကွက်မြေပုံများ ရရှိအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ကျောင်းကုန်းမြို့ပေါ်ရှိရပ်ကွက်များတွင် နေထိုင်ကြသော မိဘ၊ ဘိုးဘွား အစဉ်အဆက် အနေကြာသူများ၏ မြေယာပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် မြို့မြေအမျိုးအစားပေါ်တွင် နေထိုင်ကြသည့် ရပ်ကွက်နေပြည်သူများမှ အင့ဒမြေဂရန်ရရှိရန် မြေပေးမိန့်သော်လည်းကောင်း၊ မှတ်ပုံတင်ထားသည့် အရောင်း အဝယ် စာချုပ်စာတမ်းများဖြင့်သော်လည်းကောင်း၊ တရားရုံး အမိန့်ဒီကရီစသည်ဖြင့်လည်းကောင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များဖြင့် လာရောက် လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ရရှိရေး အချိန်နှင့်တစ်ပြေးညီ ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း မြို့မြေကွက်တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆို့မဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ခိုးရာပါပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေ ၃/၁၉၈၆ ဖြင့် ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြန်မာနိုင်ငံအတွင်း ရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ယာယီနေရပ် စွန့်ခွာနေထိုင်ကြသော ပြည်သူများ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများစွာ ခိုးယူခံရပြီးနောက် ခိုးရာပါပစ္စည်းများ ရောင်းဝယ်ခြင်းကိစ္စနှင့် ပတ်သက်၍ နစ်နာသူကာယကံရှင်များက သက်ဆိုင်ရာခဲတပ်ဖွဲ့ စခန်းများတွင် အမှုဖွင့်လှုပ်တိုင်ကြားမှုများကို အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယားပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူ ဆောင်ရွက်မှု ၃ မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရာဇသတ်ကြီးပုဒ်မ ၃၇၃ ဖြင့် အရေးယူဆောင်ရွက်မှု ၁ မှု စုစုပေါင်း ၅ မှု ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းထားသည့် တရားမဝင် သော နည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင် ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေသည် ဥပဒေကခွင့်မပြုသော စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ ဖြင့်ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်ပြီး ရရှိသောဝင်ငွေ ဖြင့်ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များကို ပေးဆောင် ခြင်းမပြုဘဲ ထိမဲချန်ထားသော ဝင်ငွေဖြင့်ဖြစ်စေ ရရှိသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ပါကြောင်းနှင့် ယာယီနေရပ်စွန့်ခွာ နေထိုင် ကြရသော ပြည်သူများ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများကို ခိုးယူမှု၊ ခိုးရာပါပစ္စည်းများ လက်ခံ ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးပါပြဋ္ဌာန်း ချက်များဖြင့်သာ အရေးယူဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၏ **"မြန်မာနိုင်ငံတစ်ဝန်း၌ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေး အတွက် "ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေး မူဝါဒ (Zero-Tolerance Anti-Bullying and School Safety Policy)" ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို"** ကို တင်သွင်းရာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးကျော်စန်းဦးက ထောက်ခံဆွေးနွေးသည်။


ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆို နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလို သည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ရပ်နား လိုက်ပြီး အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို နိဝင်ဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက် ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith အား ဗိယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ သွားရောက် ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်းရေလေ)တို့တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အတူ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith အား ဂါရဝပြုတွေ့ဆုံစဉ်။

ထိုသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာလ ၅ ရက်မှစ၍ တာဝန်ထိုးမြှင့် ထမ်းဆောင်ခဲ့သည့် အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အနေဖြင့် လာအိုနိုင်ငံသို့ ရူလိုင်လအတွင်း တရားဝင်ခရီးစဉ် လာရောက်ခဲ့ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ရှုနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမို အကျိုးရှိစေရန်အတွက် နားလည်မှု စာချွန်လွှာများကိုလည်း ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်ဒေသတွင်းကုန်သွယ်မှုများအထိ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု သက်တမ်း ၇၁ နှစ်တာကာလအတွင်း အပြန်အလှန် နားလည်မှု၊ ချစ်ခင်ရင်းနှီးမှု တိုးမြှင့်ကောင်းမွန်သောဆက်ဆံရေးဖြင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းအဖြစ် ရှိုးသားပွင့်လင်းစွာဆက်ဆံခဲ့မှု အခြေအနေများ။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့် အတွက် များစွာကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်းလမ်းလည်မှုနှင့် အွန်လိုင်း လောင်းကစား တိုက်ဖျက်မှု ကြိုးကြပ်ရေး ဗဟိုကော်မတီကို လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းခဲ့ပြီး အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိမှု၊ နယ်စပ်ဒေသ တိုင်းရင်းသားများ၏ တည်ငြိမ်အေးချမ်းမှု၊ ဘဝလုံခြုံမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသအလုပ်သမား များ၏ အလုပ်သမားအခွင့်အရေး မဆုံးရှုံးစေရေး ဆောင်ရွက်သွားမည့် အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေး ကောင်းမွန်အောင် နေထိုင်လျက် ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများဖြစ်သော ဒီမိုကရေစီ နည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ ဆန္ဒကို လက်တွေ့အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့် အခြေအနေများ၊ နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုဖြင့် နိုင်ငံ တော်တည်ငြိမ်အေးချမ်းမှုတိုးတက် ရရှိလာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက် စေရေး ဆောင်ရွက်နေမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် ထောက်ခံ အားပေးမှု အခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုး သားရေးတာဝန်ဖြစ်သည့် မိုဘာဝန် အရေးသုံးပါးကို နိုင်ငံတော်အစိုးရ ၏ ဦးဆောင်မှုဖြင့် ကာကွယ် စောင့်ရှောက်နေသည့် အခြေအနေ များနှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေး ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လာအို ပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ်ထံ အထိမ်း အမှတ်တံဆိပ် ပေးအပ်သည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင် သော မြန်မာ့တပ်မတော်ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗိယင်ကျန်းမြို့ရှိ စစ်သမိုင်းပြတိုက် သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် လာအိုစစ်ပွဲအတွင်း အသုံးပြုခဲ့သော လက်နက်၊ ခဲယမ်းများနှင့် စစ်ဝတ်အသုံးအဆောင် ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာ ပစ္စည်းများ၊ လာအိုနိုင်ငံ၏ သမိုင်း ဝင်တိုက်ပွဲများတွင် ဦးဆောင် ခဲ့ကြသည့် ခေါင်းဆောင်များ၊ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည့် သူရဲကောင်း စစ်သည်များ၏ မှတ်တမ်းများ စသည့်သမိုင်းဝင် အမွေအနှစ်များကို စိတ်ဝင်စားစွာ ဖြင့် လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။ ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးပြီး လက်ဆောင်ပစ္စည်း ပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက် ကြသည်။

အဆိုပါ စစ်သမိုင်းပြတိုက်ကို ၁၉၇၆ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လာအို နိုင်ငံ၏လွတ်လပ်ရေးနှင့်အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲစဉ်များ တွင် ကျဆုံးခဲ့ရသည့် စစ်သည် သူရဲကောင်းများ၏ သမိုင်းကြောင်း များနှင့် စစ်ဘက်ဆိုင်ရာ သမိုင်း ဝင်ပစ္စည်းများကို စနစ်တကျ ခင်းကျင်းပြသထားရှိသည့် သမိုင်း ဝင်နေရာတစ်ခု ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ ရှေ့ဖုံးမှ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက်တွင် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့ သွားရောက်ခဲ့ရာ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့် ခေါင်းဆောင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်း ရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အစုံရသစ်လက်ထက်တွင် ပန်ဆန်းသို့ ဒုတိယအကြိမ်မြောက် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ "ဝ" ဒေသရှိ ပြည်သူများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ ဖြစ်ပြီး ပြည်ထောင်စုမှ ခွဲမထွက်ဘဲ (၂၀၀၈ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဆောင်ရွက်မည်ကို သိရှိရသည့်အတွက် ဝမ်းသာပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများကို လက်မခံဘဲ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နှစ်ပေါင်း ၃၀ ကျော် ငြိမ်းချမ်းရေး တည်ဆောက်ထားရှိပြီးဖြစ်သည့်အတွက် ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ပြီးခဲ့သည့် ဆွေးနွေးပွဲတွင် မိမိတို့၏ နိုင်ငံရေးဆန္ဒအား ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကာ ပြည်ထောင်စုမှ ခွဲထွက်မည်မဟုတ်ဘဲ ဆွေးနွေးညှိနှိုင်းမှုမူဘောင်အတွင်းမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော် သမ္မတနှင့် တွေ့ဆုံဆွေးနွေးပွဲမှ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသပွံ့ဖြိုးရေးဆိုင်ရာ လမ်းဥပ္ပန်ချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်နိုင်စေရေးကိစ္စရပ်တို့အား နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

▼ ရှေ့ဖုံးမှ

စက်ရုံကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်အစိုးရအဖွဲ့ထံ စိန်သုံးလုံးစက်ရုံပိုင်ရှင်က မြေဩဇာအိတ် ၃၀၀ ကို ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသော ဘင်ခရာ၊ ပန်းဖွားနှင့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံစက်မှုဇုန်အတွင်း ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီး မကြာမီဖွင့်လှစ်တော့မည့် Thai Fashion Footwear Production & Trading Co.,Ltd. ၏ Thai Fashion ရော်ဘာညှပ်ဖိနပ်စက်ရုံ၏ ဓာတုပစ္စည်းသိုလှောင်ရုံအတွင်း ကုန်ကြမ်းများသိုလှောင်ထားရှိမှု၊ ပြည်နယ်အတွင်း ထွက်ရှိသည့်ရော်ဘာများကိုဝယ်ယူ၍ ဓာတုကုန်ကြမ်းများနှင့် ရောစပ်ကာ ရော်ဘာဖိနပ်ထုတ်လုပ်ရန် တပ်ဆင်ပြီးသော စက်ပစ္စည်းများဖြင့် စမ်းသပ်ထုတ်လုပ်နေမှု၊ ကုန်ကြမ်းထုတ်လုပ်ရေးအပိုင်း၊ ကုန်ချောထုတ်လုပ်ရေးအပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဘားအံစက်မှုဇုန်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ မဟာမဲခေါင်ဒေသ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ရှိခြင်း၊ ပြည်နယ်အစိုးရက စက်ရုံ၊ အလုပ်ရုံများ ကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နိုင်ရန် Infrastructure ပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး အစရှိသည့် လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးထားခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာသော စက်မှုဇုန်တစ်ခုဖြစ်ပြီး တည်ဆောက်ဆဲစက်ရုံအလုပ်ရုံ ၃၆ ရုံ ရုံနှင့် စက်ရုံ၊ အလုပ်ရုံပေါင်း ၆၃ ရုံ လုပ်ငန်းလည်ပတ်လျက်ရှိကာ ဒေသခံပြည်သူ ၉၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့် ဇနီးတို့က နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် CROWNE PLAZA HOTEL ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကိုကျင်းပပြုလုပ်ရာ လာအို အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့က တေးသံသာများ၊ အကပဒေသာများဖြင့် သီဆို တီးမှုတ်ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုပန်းခြင်းပေးအပ်

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား၊ ဗီယင်ကျန်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၄

လာအိုနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ဇနီးဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာစစ်သံရုံးရှိ ဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရာ ဦးစွာ စစ်သံမှူး၊ စစ်သံရုံး ဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ – လာအို နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ ထို့အပြင် အာဆီယံအဖွဲ့သို့ တစ်ချိန်တည်းဝင်ရောက်ခဲ့ကြသည့်နိုင်ငံများဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ များစွာတူညီကြပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များတွင် ချစ်ကြည်ရင်းနှီးမှုဖြင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည့် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူရသည့်ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖြေဆိုတင်ရာတွင် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ စစ်သံရုံးသည် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် သံတမန်အရေးအထောက်အကူပြုနိုင်ရန်နှင့် တပ်မတော်အချင်းချင်း ဆက်ဆံမှုတွင် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သဖြင့် တာဝန်ပေးအပ်ရာတွင်လည်း အရည်အချင်း၊ စိတ်ဓာတ်စည်းကမ်းအရ အဆင့်ဆင့် စိစစ်၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ အမှုထမ်းနိုင်သူများကို ရွေးချယ်တာဝန်ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ပြည်ပတွင် တာဝန်ထမ်းဆောင်ခွင့်ရခြင်းဖြင့် သားသမီးများ၏ ပညာရေးနှင့် အသိအမြင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့်တင်ပေးနိုင်မည်ဖြစ်၍ အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်တန်းသားများအနေဖြင့် တပ်မတော်၏ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်၍ သင်ယူနေသောဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် တာဝန်ထမ်းဆောင်ချိန်နှင့် သင်တန်းကာလတစ်လျှောက် တွေ့ကြုံရသည့် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံကောင်းများကို ကောင်းမွန်စွာရရှိရေး လေ့လာသင်ယူသွားရန်လိုကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာစောင့်ထိန်းရန်နှင့် ၎င်းတို့၏ ဘာသာ၊ ယဉ်ကျေးမှု စံနှုန်းများကိုသိရှိပြီး လေးစားတန်ဖိုးထားကြရန်လည်း လိုကြောင်း၊ မိမိဘဝအတွက်၊ မိမိလူမှုအဖွဲ့အစည်း အတွက်နှင့် မိမိတပ်မတော်အတွက် ပတ်ဝန်းကျင်မှ ကောင်းမွန်သော အလေ့အထများကို အတူယူကျင့်ကြသွားရန်လိုကြောင်း။ နေထိုင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကို သိရှိအောင်လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့်တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျနေထိုင်သွားကြရန်လိုကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုအပေါ် သစ္စာစောင့်သိကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လေ့လာ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ၏ ဗိသုကာအနုပညာလက်ရာများ၊ လာအိုဘုရင်ဟောင်းများ၏ ရုပ်တုများအား စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကို လေ့လာကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ ဘုရားကျောင်းဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းဗိသုကာလက်ရာများနှင့် ဗုဒ္ဓဆင်းတုတော်များ ကိန်းဝပ်စံပယ်ရာ Wat Si Saket ဘုရားကျောင်းသို့ ရောက်ရှိဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ လာအို ဗုဒ္ဓဘာသာအသင်းဗဟို၏ ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာဘုန်းတော်ကြီး Maha Ahjan Yai Mahaved Masenai အား ဖူးမြော်ကြည်ညိုပြီး သာသနာ့ရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းပိဋကတ်တိုက်အတွင်း ပေစာနှင့် ကျမ်းစာများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် လာအိုနိုင်ငံ၏ ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာလက်ရာများနှင့် သမိုင်းဝင် အမွေအနှစ်များကို လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်သံရုံးဗိသုခစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ကမ္ဘာ့သစ်တောများနှင့် မြန်မာ့သစ်တောများအကြောင်း တစေ့တစောင်း

(ယမန်နေ့မှအဆက်)

သစ်တောများနှင့် မြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူးများ

SOFO 2026 အစီရင်ခံစာက သစ်တောများနှင့် မြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်မဖော်ခြင်းအတွက် ဖြစ်လာနိုင်သည့် ကုန်ကျစရိတ်များကိုလည်း ထည့်သွင်းစဉ်းစားရန် တိုက်တွန်းထားသည်။ ဥပမာ ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း(UNCCD)၏ ခန့်မှန်းချက်များအရ သဲကန္တာရဖြစ်ထွန်းမှု၊ မြေယာပျက်စီးမှုနှင့် မိုးခေါင်မှု တို့ကို လက်ရှိအတိုင်း ဆက်လက်ရင်ဆိုင်နေရပါက နှစ်စဉ် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဆုံးရှုံးမှုကုန်ကျစရိတ်သည် အမေရိကန် ဒေါ်လာ ၈၀၈ ဘီလီယံမှ ၆ ဒသမ ၃ ထရီလီယံအထိ ရှိနိုင်သည်ဟု ဆိုသည်။

အဆိုပါငွေကြေးပမာဏသည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သော ကုန်ကျစရိတ်ထက် များစွာပိုမိုလျက်ရှိသည်။ တစ်ချိန်တည်းတွင် ကမ္ဘာ့သစ်တောများ ပြန်လည်ထူထောင်ရေး ရည်မှန်းချက်များကို ၂၀၂၄-၂၀၃၅ ခုနှစ် ကာလအတွင်း အကောင်အထည်ဖော်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၁၁ ဘီလီယံမှ ၂ ဒသမ ၁ ထရီလီယံခန့်သာ ကုန်ကျမည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ၂၈ ဘီလီယံမှ ၁၉၀ ဘီလီယံခန့် ဖြစ်သည်။



အခြေအနေများအပေါ် မူတည်၍ သင့်တော်သော အခြေအနေများအောက်တွင် သစ်တောများနှင့် မြေယာရှုခင်းပြန်လည်တည်ထောင်ခြင်းသည် ရင်းနှီးမြှုပ်နှံသည့် ၁ ဒေါ်လာတိုင်းအတွက် ဒေါ်လာ ၃၀ အထိ ပြန်လည်ရရှိစေနိုင်ပါသည်။ ပြုန်းတီးနေသော မြေဧရိယာ ဟက်တာ ၁ ဘီလီယံကျော်ကို ပြန်လည်ထူထောင်ခြင်းဖြင့် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ အကျိုးအမြတ် ထုတ်ဖော်ပေးနိုင်သည်ဟု ဆိုပါသည်။

သစ်တောများနှင့် မြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများ သာမက ရေထိန်းသိမ်းမှု၊ ရေကြီးမှုနှင့် မြေဆီလွှာတိုက်စားမှု လျော့ချမှု၊ ကာဗွန်သိုလှောင်မှု၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှု၊ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မှု၊ စားရေရိက္ခာဖူလုံမှု၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိမှုစသည့် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ထို့ကြောင့် သစ်တောများနှင့် မြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် ရန်ပုံငွေကြေးများကို ကုန်ကျစရိတ်တစ်ခုအဖြစ် မမြင်ဘဲ အနာဂတ်ဆုံးရှုံးမှုများကို လျော့ချရန်နှင့် ရင်းနှီးမြှုပ်နှံမှုအဖြစ် ရှုမြင်ပြီး အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံကြရမည်ဖြစ်သည်။

သစ်တောများနှင့် မြေယာရှုခင်း ပြန်လည်တည်ထောင်ရေးအတွက် အဓိကကျသည့် နည်းလမ်းများ

SOFO 2026 အစီရင်ခံစာအရ အရည်အသွေးမြင့်မားသော သစ်တောနှင့် မြေယာရှုခင်းဧရိယာ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အပြန်အလှန် အထောက်အကူပြုစေမည့် အောက်ဖော်ပြပါ လမ်းကြောင်း လေးသွယ်မှတစ်ဆင့် တိုးမြှင့် ဆောင်ရွက်ရန် တိုက်တွန်းထားပါသည် -

၁။ **ပြည်သူလူထုအခြေပြုလမ်းကြောင်း။** ပြည်သူလူထုကို ဗဟိုပြုပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများမှတစ်ဆင့် အားလုံးပါဝင်နိုင်သော သစ်တောနှင့် ရှုခင်းဧရိယာ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ အသိပညာမျှဝေမှုနှင့် အကျိုးအမြတ် မျှဝေမှုတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊



ယခု ၂၀၂၅ ခုနှစ် သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်းရလဒ်များအရမြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုဧရိယာသည် နိုင်ငံ့စုစုပေါင်းဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာဆန်းစစ်သိရှိရပါသည်။ သစ်တောပြန်းတီးမှုနှုန်းအနေဖြင့်

“ ဆန်းစစ်လေ့လာချက်များအရ မြန်မာနိုင်ငံအနေဖြင့် သစ်တောပြန်းတီးမှုများရှိနေသေးသော်လည်း နှစ်စဉ်သစ်တောပြန်းတီးမှုနှုန်းမှာ ယခင်ကာလများထက် သိသိသာသာလျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ သစ်တောပြန်းတီးမှုသည် ဆက်လက်ရှိနေဆဲဖြစ်သဖြင့် သစ်တောပြန်းတီးမှုကို ရပ်တန့်ပြီး သစ်တောများပြန်လည်တိုးပွားစေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရမည် ”

၂။ **မြေယာအခြေပြုလမ်းကြောင်း။** ဒေသအခြေအနေနှင့် ကိုက်ညီသော နည်းလမ်းများဖြင့် ဘက်စုံအကျိုးပြုမြေယာရှုခင်း ဧရိယာများကို ဖော်ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ဧရိယာတစ်ခုချင်းစီကို သီးခြားစီမံခန့်ခွဲခြင်းထက် မြေယာရှုခင်းတစ်ခုလုံးကို ပေါင်းစပ်စီမံခြင်း၊

၃။ **ဘဏ္ဍာရေးနှင့် စီးပွားရေးလမ်းကြောင်း။** ပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပမာဏနှင့် သဘောသဘာဝတို့နှင့် လိုက်လျောညီထွေရှိမည့် ဘဏ္ဍာရေးဆိုင်ရာများ စီစဉ်ဆောင်ရွက်ခြင်း၊ အစိုးရဘဏ္ဍာငွေ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအခကြေးငွေ၊ ကာဗွန်ရန်ပုံငွေနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ရန်ပုံငွေစသည့်နည်းလမ်းများကို သင့်လျော်သလို ပေါင်းစပ်ဆောင်ရွက်ခြင်း၊

၄။ **မူပါဒနှင့် ဥပဒေဆိုင်ရာလမ်းကြောင်း။** သစ်တော ပြန်လည်ပြုစုပျိုးထောင်ရေး၊ စိုက်ပျိုးရေး၊ ရေ၊



မြေယာ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ ကျေးလက်ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ မူဝါဒများ အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု အခြေအနေ

မြန်မာနိုင်ငံအတွက် FRA 2025 အစီရင်ခံစာ ပြုစုရာတွင် နိုင်ငံတော်၏ရန်ပုံငွေ အထောက်အပံ့ဖြင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ၏ ကြိုးစားမှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ FRA 2010 အစီရင်ခံစာအရ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း ၊ FRA 2015 အရ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် FRA 2020 အရ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါသည်။

၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း နှစ်စဉ် သစ်တောပြန်းတီးမှုနှုန်းမှာ ၀ ဒသမ ၉၆ ရာခိုင်နှုန်း ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် အတွင်းတွင် နှစ်စဉ် သစ်တောပြန်းတီးမှုနှုန်းမှာ ၀ ဒသမ ၅ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့ပါသည်။

အဆိုပါ ဆန်းစစ်လေ့လာချက်များအရ မြန်မာနိုင်ငံအနေဖြင့် သစ်တောပြန်းတီးမှုများ ရှိနေသေးသော်လည်း နှစ်စဉ်သစ်တောပြန်းတီးမှုနှုန်းမှာ ယခင်ကာလများထက် သိသိသာသာ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ သစ်တောပြန်းတီးမှုသည် ဆက်လက်ရှိနေဆဲဖြစ်သဖြင့် သစ်တောပြန်းတီးမှုကိုရပ်တန့်ပြီး သစ်တောများပြန်လည်တိုးပွားစေရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောဖုံးလွှမ်းမှုတိုးစေဖို့၊ အရှိန်အဟုန်မြှင့်တင် ထိန်းသိမ်းဖို့

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောပြန်းတီးမှုလျော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၆-၂၀၁၇ မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ထိ) အပါအဝင် ဂေဟစနစ်အမျိုးမျိုးတွင် နှစ်တို့၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိသစ်တောဖုံးလွှမ်းမှုဧရိယာသည် ဧရိယာ၏ ၅၀ ဒသမ ၄၇ သန်း (၄၂ ဒသမ ၁၅ ရာခိုင်နှုန်း)ဖြစ်သဖြင့် သစ်တောဖုံးလွှမ်းမှုကို ၅၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဧရိယာ ၈၈ ဒသမ ၁၃ သန်း (၇ ဒသမ ၈၅ ရာခိုင်နှုန်း)ကို သစ်တောဖုံးလွှမ်းသော ဧရိယာအဖြစ် ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ရည်မှန်းချက်များအောင်မြင်စေရေးအတွက် အောက်ဖော်ပြပါ အဓိက နည်းလမ်း ၁၀ ခုကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများက ပိုင်းဝန်းပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှု တိုးလာပြီး မြန်မာ့သစ်တောသယံဇာတများ ရေရှည်တည်တံ့

ဒေါက်တာ သောင်းနိုင်ဦး

နေမည်ဖြစ်ပါသည်-

(၁) သစ်တောပြုန်းတီးမှုကို ရပ်တန့်ပြီး အသားတင် ဆုံးရှုံးမှု မရှိစေရေး ရည်မှန်းချက်များ ချမှတ် ဆောင်ရွက်ခြင်း၊

(၂) အမြတ်မဲ့သစ်တောနယ်မြေအတွင်းရှိတောနိမ့် ဧရိယာ ၈၈ ဒသမ ၅၂ သန်းကို သစ်တောဖုံးလွှမ်းမှု ၁၀ ရာခိုင်နှုန်းနှင့်အထက်ရှိရွက်အုပ်ပွင့်တောများအဆင့်သို့တိုးမြှင့်ရောက်ရှိလာစေရေး သဘာဝတောကျန်များ ထိန်းသိမ်းခြင်းနှင့် သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊

(၃) အမြတ်မဲ့သစ်တောနယ်မြေ (PEF) အတွင်းရှိ ရွက်အုပ်ပွင့်တော ဧရိယာ ၈၈ ဒသမ ၁၇ ဒသမ ၉၈ သန်းအား လက်ရှိအခြေအနေမှ တောနိမ့်အဖြစ် လျော့ကျပြောင်းလဲမသွားစေရန် ထိရောက်စွာ ကာကွယ်ထိန်းသိမ်းခြင်း၊

(၄) အမြတ်မဲ့သစ်တောနယ်မြေ (PEF) အတွင်းရှိ ရွက်အုပ်ပိတ်တော ဧရိယာ ၈၈ ဒသမ ၁၃ သန်း၏ ရွက်အုပ်ဖုံးလွှမ်းမှုကို တည်မြဲနေစေရန် အထူးအလေးထား ကာကွယ်ထိန်းသိမ်းခြင်း၊

(၅) သစ်တောနယ်မြေ ပြင်ပရှိ ရွက်အုပ်ပိတ်တော ဧရိယာ ၈၈ ဒသမ ၁၄ သန်း၊ ရွက်အုပ်ပွင့်တော ဧရိယာ ၈၈ ဒသမ ၂၂ ဒသမ ၉၁ သန်း၊ စုစုပေါင်း သစ်တောဧရိယာ ၈၈ ဒသမ ၆၅ သန်းအား ဥပဒေနှင့်အညီ စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ကြိုးပိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းနိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားပြီး အချိန်ဇယား ရေးဆွဲဆောင်ရွက်ခြင်း၊

(၆) သစ်တောနယ်မြေပြင်ပရှိ တောနိမ့်ဧရိယာ ၃၃ ဒသမ ၆၃ သန်းအနက် ၈၈ ၁၀ သန်းတွင် သစ်တောမြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်း (FLR) နည်းလမ်းအပါအဝင် နည်းလမ်းမျိုးစုံဖြင့် စီမံလန်းမြေများ ဖြစ်ပေါ်လာစေရေးအတွက် နှစ်စဉ်လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(၇) ခရိုင်သစ်တောစီမံအုပ်ချုပ်မှုစီမံကိန်းပါ အလုပ်တိုက်နယ်များနှင့် သစ်တောမြေများတွင် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်း သာမက သစ်တောမြေပြင်ပတွင်လည်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကို အားပေးကူညီခြင်း၊

(၈) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်း လုပ်ငန်းများနှင့် ပုဂ္ဂလိက သစ်တောစိုက်ခင်း ရင်းနှီးမြှုပ်နှံများ ပိုမိုတိုးပွားလာစေရန် ဆောင်ရွက်ခြင်း၊

(၉) သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်တောအခြေပြု ဇီဝစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရန်ဆောင်ရွက်ခြင်း၊

(၁၀) အမျိုးသားအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ကို ပိုမိုခိုင်မာစေရန်နှင့် ခေတ်မီစေရန် အဆင့်မြှင့်တင်ခြင်း။

ကိုးကား

Food and Agriculture Organization of the United Nations (FAO), 2025. Global Forest Resources Assessment 2025: Key Findings. FAO.

Food and Agriculture Organization of the United Nations (FAO). 2026. The State of the World's Forests 2026 – Restoring forests and landscapes: The way forward for a sustainable future. Rome.

စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂဗ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

မင်္ဂဗ် နိုဝင်ဘာ ၄

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်၏ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင်္ဂဗ်မြို့၌ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိကျင်းပသည့် စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂဗ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ လာအို၊ ကမ္ဘောဒီးယား၊ အီရန်၊ ကိရဂီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာသုတေသီများနှင့် ပညာရှင်များ စုစုပေါင်း ကိုယ်စားလှယ် ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသည့် ညီလာခံဖွင့်ပွဲအခမ်းအနားဌာနသို့ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Organization for Security and Co-operation in Europe (OSCE) ၊ Collective Security Treaty Organization (CSTO) ၊ Shanghai Cooperation Organization (SCO) နှင့် Commonwealth of Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များက မိန့်ခွန်းပြောကြားခဲ့ကြသည်။

ဘယ်လာရုစ်နိုင်ငံသမ္မတက မိန့်ခွန်းပြောကြားရာတွင် မင်္ဂဗ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသည် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ယူရေးရှားသည် ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုများနှင့် ကမ္ဘာ့ဘာသာတရားများ ပေါ်ထွန်းရာနေရာဖြစ်ပြီး မတူညီသောယဉ်ကျေးမှုများနှင့် လူမျိုးများအကြား ထောင်စုနှစ်များစွာ အပြန်အလှန် ဆက်ဆံထိတွေ့လာခဲ့သည့် သမိုင်းကြောင်းရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အချိန်တွင် ကမ္ဘာပေါ်ရှိအကြီးမားဆုံးသော သယံဇာတအရင်းအမြစ်များနှင့် လူဦးရေအများစုတည်ရှိရာ နေရာလည်းဖြစ်ပါကြောင်း၊ ယူရေးရှားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မျိုးဆက်သစ်များထံသို့ ကြောက်ရွံ့မှုနှင့် သံသယများကင်းစင်သည့် ကမ္ဘာကြီးတစ်ခုကို ပုံဖော်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် စုပေါင်းညီညွတ်သော ယူရေးရှားဒေသ



ဖြစ်လာစေရန် လိုလားပါကြောင်း၊ ယူရေးရှားဒေသ၏ လုံခြုံရေးသည် အားလုံးနှင့်သက်ဆိုင်ပြီး ခွဲခြား၍ မရနိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မည်သူမျှ (အနောက်ကမ္ဘာဖြစ်စေ၊ အရှေ့ကမ္ဘာဖြစ်စေ) တစ်ဦးတည်းအနေဖြင့် ဤလုံခြုံရေးကို အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးနိုင်မည်မဟုတ်သောကြောင့် ဤတာဝန်ကို အားလုံးက ပူးတွဲထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မိန့်ခွန်းပြောကြားရာတွင် လက်ရှိ ကမ္ဘာ့လုံခြုံရေးကဏ္ဍတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်၍ ယူရေးရှားဒေသရှိ နိုင်ငံများအနေဖြင့် ပြိုင်ဆိုင်မှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများထက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးသည့် လုံခြုံရေးဆိုင်ရာလမ်းကြောင်းကို ကိုယ်တိုင် ဖော်ဆောင်သွားရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "၂၁ ရာစု မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ဝိုးစနစ်ဆိုင်ရာ ယူရေးရှားပဋိညာဉ်စာတမ်း" ရေးဆွဲမှုကိုကြိုဆိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့နှင့်အညီ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံအားလုံး၏ ဘုံအနာဂတ်အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှုနှင့် ညီမျှသည့် မိတ်ဖက်ဆောင်ရွက်မှုတို့အပေါ် အခြေခံသော ပွင့်လင်းမှု၊ ဟန်ချက်ညီမှုနှင့် အားလုံးပါဝင်နိုင်သော လုံခြုံရေးဗိသုကာတစ်ရပ် ပေါ်ထွက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အခိုင်အမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးမျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် အစိုးရတစ်ရပ်ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် အဓိကရည်မှန်းချက်နှစ်ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန်ကူးမှုများ စသည့်နိုင်ငံဖြတ်ကျော်မှုခင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် အဓိကပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတက်ရောက်စဉ်ကာလအတွင်း နိုဝင်ဘာ ၃ ရက်တွင် ရုရှားဖက်ဒရေးရှင်း၊ (SCO) အတွင်းရေးမှူးချုပ် မစ္စတာ ရှူလန် ယာမတ် ဘာယက်ဗ်နှင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗရော့ဗ်နှင့်လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့်လည်းကောင်း၊ ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နိုဒီကော့ဗ်နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ရှူလန်ယာမတ် ဘာယက်ဗ်နှင့်တွေ့ဆုံရာတွင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် SCO တို့အကြား ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ SCO ၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ဖြတ်ကျော် မူခင်းတိုက်ဖျက်ရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံအနေဖြင့် SCO တွင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ထောက်ခံပေးရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့် တွေ့ဆုံရာတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူညီမျှမှုကို အစဉ်အမြဲထောက်ခံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးအား နေပြည်တော်တွင် စတင်ဖွင့်လှစ်ထားရှိမှု၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ယူရေးရှားပဋိညာဉ် ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နိုဒီကော့ဗ်နှင့် တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ ပညာရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် နိုင်ငံတော်သမ္မတ၏ ၂၀၂၆ ခုနှစ် ဩဂုတ်လ ရုရှားနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား ဆွေးနွေးခဲ့မှုများကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်မှ သင်တန်းသားများစေလွှတ်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂဗ်နိုင်ငံတကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် တတိယအကြိမ်နှင့် ယခု ၂၀၂၆ နှစ်တွင် "Navigating International Disorder in the Spirit of cooperation: Can We Solve the Eurasian Security Puzzle" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*** ရှေ့ဖုံးမှ**

လိုအပ်ချက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

*** ရှေ့ဖုံးမှ**

ဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

*** ရှေ့ဖုံးမှ**

ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

ရေသည် အသက် ရေအသက် တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်ဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ငွေများပေးအပ်ကာ ဗဟိုလေ့ကျင့်ရေးကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမ၊ ကွန်ပျူတာစာသင်ခန်း၊ သင်တန်းသူ အိပ်ဆောင်၊ ငွေနှင်းမို့ စိုက်ပျိုးထားရှိမှု၊ ပျိုးဥယျာဉ်၊ Green House များတွင် ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ရှိင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက တည်ဆောက်လုပ်ရေးလုပ်ငန်းများ၊ ယန္တရားကြီးများနှင့်ထောက်ပံ့ပစ္စည်းများထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ယာဉ်၊ ယန္တရားကြီးများကြိုခိုင်မှုနှင့်ထိန်းသိမ်းထားရှိမှု၊ ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီးတွင် အကြိမ်(၁၅၀)မြောက်နှင့် အတွဲ(၃၀၀)ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၄

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များ၊ ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သော နေရာများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ အကြိမ်(၁၅၀)မြောက်နှင့် အတွဲ(၃၀၀) ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါခွဲစိတ်ကုသမှုကို အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဆီးနှင့် ကျောက်ကပ်ကုသမှုနှင့် ခွဲစိတ်ကုပါရဂူများ၊ နှလုံးနှင့်သွေးကြော ခွဲစိတ်ကုသမှု ပါရဂူများ၊ မွေ့ဆေးပါရဂူများ၊ အထူး ကြပ်မတ်ကုသမှုပါရဂူများနှင့် ကျွမ်းကျင်သူနှစ်ပြုများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ခွဲစိတ်ကုသရာတွင် တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသရေးအဖွဲ့ ပါရဂူကြီးများနှင့် တာဝန်ရှိသူအသီးသီးက စိတ်ရင်းစေတနာပြည့်ဝစွာ ဆောင်ရွက်ခဲ့ကြသဖြင့် ခွဲစိတ်ကုသမှု အောင်မြင်ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် လိုအပ်သည့် ဆေးဝါးကုသပြုစုမှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက် ကုသပေးလျက်ရှိသည်။

အတွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့ပြီးဖြစ်

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများအား နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ခွဲစိတ်ကုသပေးခြင်းဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းကို အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ပထမဆုံး အကြိမ် စတင်ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့ခွဲစိတ်မှုအပါအဝင် အတွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

နေပြည်တော်ကောင်စီမှ ကြီးမှူးရှု၍ နေပြည်တော်တန်ဆောင်တိုင်ပွဲတော် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်ကောင်စီမှကြီးမှူးရှု၍ "နေပြည်တော်တန်ဆောင်တိုင်ပွဲတော်ဓာတ်ပုံပြိုင်ပွဲ" ကို "မာရဝိဇယဗုဒ္ဓရှပ်ပွားတော်မြတ်ကြီးနှင့် တန်ဆောင်တိုင်ပွဲတော်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "နေပြည်တော် တန်ဆောင်တိုင်ပွဲတော်နှင့်မြန်မာ့အလှ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ပညာရှင်အဆင့်ဓာတ်ပုံပြိုင်ပွဲ (Professional/ Open)၊ ဝါသနာရှင်အဆင့်ဓာတ်ပုံပြိုင်ပွဲ (Camera/ Phone Photography)၊ လူငယ်နှင့်ကျောင်းသား ဓာတ်ပုံပြိုင်ပွဲ (Youth Photography) ဟူ၍ ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို သက်ဆိုင်ရာအဆင့်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပညာရှင်အဆင့်ဆုရရှိသူများကို ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ်သိန်း ၃၀၊ စတုတ္ထဆု ငွေကျပ်သိန်း ၂၀၊ ပဉ္စမဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု ၃ ဆု ငွေကျပ် ၅ သိန်းစီဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်ဆုရရှိသူများကို ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု ၅ ဆု ငွေကျပ် ၄ သိန်းစီဖြင့်လည်းကောင်း၊ လူငယ်နှင့်ကျောင်းသားအဆင့် ဆုရရှိသူများကို ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု ၅ ဆု ငွေကျပ် ၃ သိန်းစီဖြင့်လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်တွင် စတင်ပေးပို့ရမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်တွင် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက Nay Pyi Taw Council Facebook Page တွင်လည်းကောင်း၊ NPTDC Facebook Page နှင့် NPTDC Web portal တို့တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး နေပြည်တော်ကောင်စီရုံး ဖုန်းနံပါတ် ၀၆-၅၁၂၄၁၅၊ ၀၆-၄၂၈၃၅၁၀ နှင့် ၀၉-၅၁၈၄၅၅၄ တို့ထံသို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရာစိုပိစိပိ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဧလ

သုံးရေ ချွေတာသုံးစွဲရေး



ခြောက်သွေ့မှုဇာတ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိဆောင်ရွက်ပါ။



အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ဩဇာတရာ ရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

(၂၀၂၅-၂၀၂၆) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိဝင်ဘာ ၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်း၊ Recreation Centre (RC)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI)တို့တွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ကျင်းပသည်။



အဆိုပါ အားကစားပြိုင်ပွဲများသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ထြေးဌာနမှ တာဝန်ရှိသူများ၊ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က မကွေးဇုန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က နေပြည်တော်ဇုန်ကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က နေပြည်တော်ဇုန်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တစ်ဦးချင်းပြိုင်ပွဲ၌ မန္တလေးဇုန်က ရှမ်းဇုန်ကို လေးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ စားပွဲတင်တင်းနစ် အတွဲလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်း(၂)ဇုန်က မန္တလေးဇုန်ကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲဗိုလ်လုပွဲတွင် မန္တလေးဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးဇုန်က ရန်ကုန်ဇုန်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းဇုန်က ဧရာဝတီဇုန်ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ပထမဆုကိုလည်းကောင်း၊ ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲများကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်တို့က ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် တက္ကသိုလ်များကို ဒေသအလိုက် စစ်ကိုင်းဇုန်၊ နေပြည်တော်ဇုန်၊ မကွေးဇုန်၊ မန္တလေးဇုန်၊ မွန်ဇုန်၊ ရန်ကုန်ဇုန်၊ ရှမ်းဇုန်နှင့် ဧရာဝတီဇုန်ဟူ၍ ဇုန် ရှစ်ခုခွဲကာ ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်စသည့် အားကစားနည်း ခြောက်မျိုးကို အားကစားသမား ၃၉၂ဦး ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများ ကြိုတင်စာရင်းကောက်ယူထားပြီး သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး ကြိုတင်တွက်ချက်ထားကြရန် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း မှာကြား

နေပြည်တော် နိဝင်ဘာ ၄

ရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများကို ကြိုတင်စာရင်းကောက်ယူထားပြီး ရေသန့်စင်ကာများနှင့် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ကျေးရွာ လူဦးရေ၊ ရေလိုအပ်ချက်၊ ရေအရင်းအမြစ်၏ အကွာအဝေး၊ ဖြန့်ဝေရမည့် ရေဂါလန်ပမာဏနှင့် ကြာမြင့်ချိန်၊ စက်သုံးဆီ ကုန်ကျငွေများကို အချက်အလက်ခိုင်မာစွာ ကြိုတင်တွက်ချက်ထားကြရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၆-ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အယ်လ်နီညို ဖြစ်စဉ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးတွင် မှာကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် အယ်လ်နီညို ကာလအတွင်း သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစွာ အချိန်မီဖြိုးစီးရေး၊ ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပြည်သူဦးဆောင်သော စီမံကိန်းများ ဖော်ဆောင်ရေးတို့ကို အထူးအလေးထား ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုစစ်ဆေး

ဖလမ်း နိဝင်ဘာ ၄

ကလေးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများအား ယမန်နေ့က နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းသားကျောင်းသူ အိပ်ဆောင်၊ စားရိပ်သာနှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့တွင်ဒုတိယဝန်ကြီးသည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ ကလေး-ဖလမ်းလမ်းပိုင်း ၄၃ နှင့် ၄၄ ကီလိုမီတာကြား မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေး ပြည့်မီရေး အလေးထား ဆောင်ရွက်ရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောင်ဇလဲရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဖလမ်းမြို့ ခရိုင်နှင့် မြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ရေချိုးချိန်နှင့် နေစဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ-ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်ဆက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ။ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

အမြဲမပြတ် သတိချပ်၍ ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်

စောအောင်လင်း

မီးသည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပြီး သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟု ဆိုကြပါသည်။ အသုံးမတတ်သူများကြောင့် မီးသည် ရန်သူမျိုးတစ်ပါး ဖြစ်သွားတတ်ပါသည်။

ယခင်က မီးဘေးအန္တရာယ်သည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလတွင် ဖြစ်ပွားမှုများပြားတတ်သော်လည်း ယခုအခါ လူဦးရေထူထပ်လာမှု၊ မီးသုံးစွဲမှုများပြားလာမှု၊ မီးကို နည်းအမျိုးမျိုးဖြင့် သုံးစွဲလာမှု၊ ပြင်းထန်သည့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မီးဘေးအန္တရာယ်ကို အချိန်မရွေး၊ ရာသီမရွေး၊ နေရာမရွေး ခံစားရနိုင်ပါသည်။

လူတို့၏ အသိနည်းပါးမှု၊ ပေါ့ဆမှု၊ သတိလက်လွတ်မှုများကြောင့် မီးလောင်မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိပါသည်။ မီးဘေးအန္တရာယ်ကြောင့် အနှစ်နှစ် အလလက ရှာဖွေစုဆောင်းထားသည့် အိုးအိမ်စည်းစိမ်များသည် ခဏတာအတွင်း ပြာပုံအဖြစ်ရောက်ရှိသွားရပြီး အခန့်မသင့်ပါက လူသားများနှင့် သက်ရှိသတ္တဝါတို့၏ အသက်များပင် ဆုံးရှုံးကြရသည်။

မီးလောင်ကျွမ်းခြင်းသည် အပူနှင့် အလင်းထွက်ပေါ်လာသည့် ဓာတ်ပြုမှုတစ်ခုဖြစ်သည်။ ဓာတ်ပြုမှုနှုန်းနှေးပါက နှေးကွေးသည့် ဓာတ်တိုးခြင်းသာဖြစ်ပေါ်တတ်ပါသည်။ လောင်ကျွမ်းမှုသည် အလွန်လျင်မြန်သည့်နှုန်းနှင့် ဓာတ်ပြုပြီး အပူနှင့် အလင်းကို ထုတ်လွှတ်ပေးသည်။ အပူ၊ အောက်ဆီဂျင်နှင့် လောင်စာများ ပေါင်းဆုံမိသောအခါ မီးလောင်ကျွမ်းမှုကို ဖြစ်ပေါ်တတ်ခြင်းကြောင့် ဤသုံးမျိုးပေါင်းစည်းမိသည့် အချိန်ကြာလာသည်နှင့်အမျှ မီးလောင်ကျွမ်းမှုကို ဆက်လက်ဖြစ်ပေါ်စေပါသည်။ အပူ၊ အောက်ဆီဂျင်၊ လောင်စာတို့ထဲမှ တစ်မျိုးမျိုးကို ဖယ်ထုတ်ပစ်နိုင်မှသာ လောင်ကျွမ်းမှုကို ရပ်တုံ့စေနိုင်ပါသည်။ ထို့ကြောင့် သဘာဝအတိုင်းရှိနေသည့် အပူ၊ အောက်ဆီဂျင်များကို လောင်စာများနှင့် မထိတွေ့စေရန် သတိပြုကြရပါမည်။

မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် ပျမ်းမျှအကြိမ် ၆၀ ခန့်၊ ၂၀၀၅ ခုနှစ်တွင် အကြိမ်ရေ ၂၄၀ ခန့်၊ ၂၀၁၅ ခုနှစ်တွင် အကြိမ်ရေ ၅၄၇ ကြိမ် ဖြစ်ပွားခဲ့သည်ဟု သိရပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်ပေါင်း ၁၈၀၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ၎င်းကျပ် ၁၈၇ ဘီလီယံခန့်ရှိခဲ့သည်ကို အမှတ်ရမိပါသည်။ ဤအတိုင်းအတာများအရ မီးလောင်မှုသည် တစ်နှစ်လျှင် အကြိမ်ရေ ၁၈၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာလည်း တစ်နှစ်လျှင် ၎င်းကျပ် ၁၈ ဘီလီယံခန့် ရှိခဲ့ပါသည်။ မီးလောင်မှုအကြိမ် ပိုမိုများပြားလာသကဲ့သို့ ဆုံးရှုံးမှုတန်ဖိုးများလည်း ပိုမိုများပြားလာခဲ့ပါသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အတွင်းမှာပင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မီးလောင်မှု ၁၉၆ ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီး ၂၈ ကြိမ်၊ ပေါ့ဆမီး ၆၅ ကြိမ်၊ အလိုအလျောက်မီး လေးကြိမ်၊ လျှပ်စစ်မီး ၇၅ ကြိမ်၊ မသမာသူရှိမီး ငါးကြိမ်၊ တောမီး ၁၆ ကြိမ်၊ သောင်းကျန်းသူရှိမီး သုံးကြိမ်ရှိခဲ့ကြောင်း သိရပါသည်။

မီးလောင်ကျွမ်းခြင်းဖြစ်စဉ်များကို လေ့လာရာတွင် ပေါ့ဆမီး၊ အလိုအလျောက်မီး၊ တောမီး၊ ရှိုမီးနှင့် လျှပ်စစ်မီးများကြောင့် ဖြစ်ပေါ်သည်ဟု ဆိုနိုင်ပါသည်။ မည်သည့် မီးလောင်မှုအမျိုးအစားပင်ဖြစ်စေ လူတို့၏ ပယောဂမကင်းသည်ကို သိမြင်နိုင်ပါသည်။

ပေါ့ဆမီး ဆိုသည်မှာ စည်းကမ်းမဲ့ မီးသုံးစွဲရာမှ လောင်ကျွမ်းခြင်းဖြစ်ပါသည်။ ထင်း၊ မီးသွေးမီးဖိုများ သုံးစွဲကြရာတွင် မီးကြွင်းမီးကျန်များမှ လောင်ကျွမ်းခြင်းမျိုးဖြစ်၍ မီးသုံးစွဲပြီးပါက မီးသေအောင် ငြိမ်းသတ်ထားရပါမည်။ ထင်း၊ မီးသွေးမီးဖိုများကို လုံခြုံစွာကာရံ၍ အသုံးပြုရန်၊ လေတိုက်လာပါက ချက်ချင်းမီးငြိမ်းသတ်ထားရပါမည်။ ဓာတ်ငွေ့မီးဖိုသုံးစွဲသူများအနေဖြင့် မီးဖိုနှင့် ဓာတ်ငွေ့ပိုက်များကို တတ်ကျွမ်းသူများဖြင့် မကြာခဏစစ်ဆေး၍ ချို့ယွင်းနေပါက လဲလှယ်အသုံးပြုကြရန် လိုအပ်ပါသည်။

အလားတူ နေအိမ်ခြံဝင်းအတွင်း သန့်ရှင်းသပ်ရပ်စွာထားရှိရန်၊ မီးလောင်လွယ်သော ပစ္စည်းများကို စနစ်တကျ ထုပ်ပိုးထားရှိပြီး မလိုအပ်သည့်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်၊ ဖယောင်းတိုင်၊ အမွေးတိုင်၊ ခြင်ဆေးခွေများကို လုံခြုံစိတ်ချရသည့် အောက်ခံခွက်ထား၍ အသုံးပြုရန်၊ နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စက်သုံးဆီ၊ အမွေးဆီစသည့် ဆီအမျိုးမျိုးကို သိုလှောင်ထားခြင်းမပြုရန်၊ ကလေးငယ်များကို မီးခြစ်နှင့် မီးလောင်လွယ်သော ပစ္စည်းများနှင့် ဆော့ကစားခြင်းမပြုစေရန်၊ အိပ်ရာ၊ အဝတ်ပုံပုံများအနီးတွင် ဖရောင်းတိုင်၊ ခြင်ဆေးခွေ သုံးစွဲခြင်းမပြုရန်၊ ဆေးလိပ်သောက်ပြီးပါက ဆေးလိပ်မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ရန်၊ နေအိမ်မှအပြင်သို့ ထွက်ခွာရန်ရှိပါက အသုံးပြုထားသည့်မီးများကို ပြန်လည် စစ်ဆေး၍ ငြိမ်းသတ်၊ ဖြတ်သိမ်းပြီးမှ ထွက်ခွာရန် လိုအပ်ပါသည်။

ထို့ပြင် နေအိမ်များ၌ မီးငြိမ်းသတ်ရေးကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လေ့ကားများ ထားရှိခြင်း၊ အထပ်မြင့်အဆောက်အအုံများတွင် အထပ်တိုင်းတွင် မီးသတ်ဆေးဘူးများ ထားရှိခြင်း၊ မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်ရန် လေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်ကြရပါမည်။ ထို့ပြင် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရပါမည်။

အလိုအလျောက်မီး ဆိုသည်မှာ အပူနှင့် အလင်းမှ ထွက်ပေါ်လာသော ဓာတ်ပြုမှုကြောင့် ဓာတ်မတည့်သည့် ပစ္စည်းများအချင်းချင်းပွတ်တိုက်မိရာမှ လောင်ကျွမ်းခြင်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် နေအိမ်များ၊ စက်ရုံအလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ဆေးရုံများနှင့် စက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ပြုမီးလောင်နိုင်သည့် ပစ္စည်းများကို စနစ်တကျ ထားရှိကြရပါမည်။ မီးလောင်နိုင်သည့် ဓာတုပစ္စည်းများကို သုံးစွဲရခြင်း၊ သိုလှောင်ရခြင်းများ ရှိပါက မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်ထားကြရပါမည်။

တောမီး သည် ပူပြင်းသည့်ရာသီဥတုအချိန်တွင် တောတောင်များအတွင်း၌ မီးလောင်ကျွမ်းနိုင်သည့် ပစ္စည်းများပွတ်တိုက်ရာမှ လည်းကောင်း၊ တောခုတ် တောင်ယာခုတ်သူများက မီးရှို့ရာမှ လည်းကောင်း၊ မီးသွေးဖုတ်သူများ၏ မီးကြွင်းမီးကျန်များကြောင့်လည်းကောင်း လောင်ကျွမ်းခြင်းများ ဖြစ်တတ်ပါသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်းက တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် အောက်တိုဘာလ ၂၆ ရက် နေ့အထိ သစ်တောမြေ ၁၁၆၂၆ ဟက်တာခန့် မီးလောင်ပျက်စီးခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်သတိပေးစနစ် (GDACS) ၏ ထုတ်ပြန်ချက်အရသိရှိရပါသည်။ တောမီးလောင်ကျွမ်းပါက လူနေအိမ်များကို တောမီးလွတ်ကင်းသည့်နေရာများသို့ ပြောင်းရွှေ့ပေးရခြင်း၊ လူနှင့်သက်ရှိသတ္တဝါများ အသက်အိုးအိမ်များ ထိခိုက်ဆုံးရှုံးကြရခြင်း၊ ရှားပါးတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြင်း၊ မီးခိုးငွေ့များကြောင့် အိုဇုန်းလွှာများပျက်စီးပြီး ရာသီဥတုဖောက်ပြန်ခြင်းများ ဖြစ်ပေါ်စေပါသည်။

ရှို့မီး ဆိုသည်မှာ မသမာသူများ၊ အဖျက်သမားများက ၎င်းတို့ ကိုယ်ကျိုးစီးပွားအတွက် အဖျက်သဘောဖြင့် ရည်ရွယ်ချက်ရှိရှို့ မီးရှို့ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း ဖြစ်ပါသည်။ မချွေတာလှ်ဘဲ ဖြစ်ပေါ်ခြင်းကြောင့် လူနေအိမ်ခြေများ၊ အစိုးရဌာနပိုင်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိက အဆောက်အအုံများ၊ ဆေးရုံဆေးပေးခန်းများ ပျက်စီးဆုံးရှုံးရတတ်ပါသည်။

လျှပ်စစ်မီးသည် မရှိမဖြစ်အသုံးပြုနေရသည့် ပစ္စည်းတစ်မျိုးဖြစ်သည်။ အလင်းရောင်ရရှိရေးနှင့် ချက်ပြုတ်ရေးအတွက်သာမကတော့ဘဲ အိမ်သုံးပစ္စည်းများ၊ ဓိမ်ခံပစ္စည်းများ၊ နည်းပညာသုံးပစ္စည်းများအတွက် မဖြစ်မနေလိုအပ်လာသည့် လူ့အသုံးအဆောင်ပစ္စည်းတစ်မျိုးဖြစ်လာသည်။ လျှပ်စစ်မီးအသုံးပြုမှု များပြားလာခြင်းနှင့်အတူ လျှပ်စစ်မီးကို ပေါ့ဆစွာ စည်းကမ်းမဲ့ သုံးစွဲမှုများကြောင့် ယခင်ကထက် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားလာသည်ကို တွေ့ရှိနိုင်ပါသည်။

နေအိမ်များ၌ သွယ်တန်းထားသည့် ပိုင်ယာကြိုးများသည် အသုံးပြုမည့်ဝန်အားနှင့်မျှတသည့် အမျိုးအစားဖြစ်ရန် လိုအပ်ပါသည်။ လျှပ်စစ်ပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများကိုလည်း လျှပ်စစ်ကျွမ်းကျင်သူ ပညာရှင်များ၏ အကူအညီဖြင့် တပ်ဆင်အသုံးပြုသင့်ပါသည်။ အသုံးပြုထားသည့် မီးကြိုး၊ မီးခလုတ်၊ မီးခေါင်း၊ ပလပ်ပေါက်၊ ပလပ်ခေါင်းများနှင့် အခြား လျှပ်စစ်ပစ္စည်းများ ဝန်အားမျှတမှု၊ ပေါက်ပြဲဆွေးမြည့်နေမှုနှင့် ချို့ယွင်းမှု ရှိ/ မရှိတို့ကို နှစ်စဉ် စစ်ဆေးပြီး ချို့ယွင်းနေပါက လဲလှယ်အသုံးပြုသင့်ပါသည်။

မီးပျက်သွားချိန်တွင် မီးပလပ်များ၊ မီးခလုတ်များကို မပိတ်ဘဲထားရာမှ မီးပြန်လာချိန်တွင် အပူလွန်ကဲပြီး မီးလောင်မှုကို ဖြစ်ပေါ်စေပါသည်။ ညအိပ်ချိန်၊ နေအိမ်မှ အပြင်သို့ထွက်ချိန်များတွင် မီးခလုတ်များပိတ်ခြင်း၊ ပလပ်ခေါင်းများ ဖြုတ်ထားခြင်းများ ပြုလုပ်ထားကြရပါမည်။

ဌာနဆိုင်ရာရုံးများတွင် အသုံးပြုကြသည့် ကွန်ပျူတာ၊ လေအေးပေးစက်၊ မီးအားမြှင့်စက်၊ မီးအားထိန်းစက်၊ မီးခလုတ်နှင့် ပလပ်ခေါင်းများ ပိတ်ထားခြင်း ရှိ/မရှိကို ရုံးဆင်းချိန်၌ စစ်ဆေးရန် အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးရန် တာဝန်ပေးထားသင့်ပါသည်။ ရုံးများ၏ မှတ်တမ်းခန်းများ၊ အရေးကြီးစာရွက်စာတမ်းများထားသည့် နေရာများကို ပို၍ဂရုပြုကြရပါမည်။ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ စက်သုံးဆီဖြန့်ဝေပေးသည့် နေရာများနှင့် ဖြန့်ဝေမှုစနစ်များကိုလည်း စနစ်တကျ စီမံဆောင်ရွက်ထားကြရပါမည်။

ရပ်ရွာဒေသအတွင်း လူနေအိမ်များတွင် မီးဘေးအန္တရာယ်ပေါ်ပေါက်ပါက ပတ်ဝန်းကျင်မှ သိသွားမည်ကို စိုးရိမ်ပြီး ကြိတ်၍ငြိမ်းသတ်ခြင်း မပြုလုပ်သင့်ပါ။ မီးလောင်မှုဖြစ်ပွားပါက ပတ်ဝန်းကျင်သို့ ချက်ချင်းအကူအညီတောင်းခံ၍ မီးသတ်တပ်ဖွဲ့ထံအကြောင်းကြား ငြိမ်းသတ်ကြရပါမည်။ ဖြစ်နိုင်ပါက ရပ်ကွက်အတွင်း မီးကင်းများချထား၍ စောင့်ရှောက်သတိပေးခြင်း၊ မီးလောင်မှုဖြစ်ပွား၍ မီးသတ်ကားများ မရောက်ရှိသေးမီ အခြားနေအိမ်များသို့ ကူးစက်မှုမရှိအောင် ငြိမ်းသတ်ပေးခြင်း၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများကို ကယ်ထုတ်၍ အန္တရာယ်ကင်းသည့်နေရာသို့ ပို့ဆောင်ပေးခြင်း၊ မီးသတ်ကားများ ရောက်ရှိငြိမ်းသတ်ပါက လိုအပ်သည့် အကူအညီများ ပေးခြင်းတို့ကို

စာမျက်နှာ ၁၁ သို့

“ဌာနဆိုင်ရာရုံးများတွင် အသုံးပြုကြသည့် ကွန်ပျူတာ၊ လေအေးပေးစက်၊ မီးအားမြှင့်စက်၊ မီးအားထိန်းစက်၊ မီးခလုတ်နှင့် ပလပ်ခေါင်းများ ပိတ်ထားခြင်းရှိ /မရှိကို ရုံးဆင်းချိန်၌ စစ်ဆေးရန် အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးရန် တာဝန်ပေးထားသင့်ပါသည်။ ရုံးများ၏ မှတ်တမ်းခန်းများ၊ အရေးကြီးစာရွက်စာတမ်းများထားသည့်နေရာများကို ပို၍ဂရုပြုကြရပါမည်။ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ စက်သုံးဆီဖြန့်ဝေပေးသည့် နေရာများနှင့် ဖြန့်ဝေမှုစနစ်များကိုလည်း စနစ်တကျ စီမံဆောင်ရွက်ထားကြရပါမည်”



ချင်းပြည်နယ် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ (၂/၂၀၂၆) ညှိနှိုင်းအစည်းအဝေးကျင်းပ

ဟားခါး နိုဝင်ဘာ ၄

အမျိုးသားစာရင်းအင်းရုံး (NSO) များတွင် အသုံးပြုသော အချက်အလက်ကောက်ယူ စုဆောင်းမှုနည်းလမ်း၊ မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ်၊ ဈေးနှုန်းကောက်ယူခြင်းနှင့် ချင်းပြည်နယ်၏ လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်း အချက်အလက်များ၏ အရေးပါမှု၊ စိန်ခေါ်မှုများနှင့် စာရင်းအင်းအချက်အလက်စနစ် တိုးတက်ကောင်းမွန်စေရေး နည်းလမ်းများကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ (၂/၂၀၂၆) ညှိနှိုင်း အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူးက ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ပြည်နယ်စာရင်း အင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဥက္ကဋ္ဌက မှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် စာရင်းအင်းအချက်အလက်များရှိခြင်းအားဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကာ ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုကလစ်ကို ပြသသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီဝင်များက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု၊ သီးနှံအလိုက်ရိတ်သိမ်းမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာ နိုဝင်ဘာ ၄

စစ်ကိုင်း တိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု၊ သီးနှံအလိုက် ရိတ်သိမ်းမှုနှင့် ဆောင်းသီးနှံစိုက်ပျိုးမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တောင်သူများလိုအပ်သည့် သွင်းအားစုဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ လယ်ယာသုံး စက်မောင်းဆိများကို တောင်သူများ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိရေးတို့အတွက် ဂိုဒေါင်တွင် အသင့်စုဆောင်းထားရှိပြီး ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် မကြာမီ ဆောင်းသီးနှံများ စိုက်ပျိုးချိန်တွင် လျာထားစိုက်ကေများ အပြည့် အဝစိုက်ပျိုးသွားရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် စိုက်ပျိုးရေးရရှိရေးတို့အတွက် မြေပြင်အထိ ကွင်းဆင်းကာ ဒေသခံတောင်သူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးဝန်ကြီးများက ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးပြီးစီးမှု၊ သီးနှံအလိုက် ရိတ်သိမ်းမှု၊ ဆောင်းသီးနှံစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေးပြီးစပ် ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပြည်သူ့လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လယ်ဝေးမြို့နယ်အတွင်းရှိ တောင်သူများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ အတွင်းရေးမှူး ဦးဝင်းဌေးနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးလယ်သမားရေးရာ ကော်မတီ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌက မှူး ဦးဝင်းဌေးနှင့် အဖွဲ့ဝင်များ တောင်သူ လယ်သမားရေးရာ ကော်မတီ၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားပြီး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက လိုအပ်ချက်များ တင်ပြဆွေးနွေးရာ ကော်မတီဥက္ကဋ္ဌက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့နှင့် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မအူပင်ခရိုင်၌ အသက် (၂၂) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၆ ခုနှစ် မအူပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက်က မအူပင်ခရိုင် ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပရာ အဖွင့်ပွဲစဉ်အဖြစ် ခနုဖြူမြို့နယ်ဘောလုံးအသင်းနှင့် ပန်းတနော်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ခနုဖြူ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အားကစားကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲအား နိုဝင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



စာမျက်နှာ ၁၀ မှ

ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မီးငြိမ်းသတ်နေစဉ် မီးသတ်တပ်ဖွဲ့ကို အနှောင့်အယှက်ဖြစ်စေသည့် လမ်းများပေါ်တွင် ပိတ်ဆို့ကြည့်ရှုခြင်း၊ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးခြင်းများကိုလည်း ရှောင်ကြဉ်သင့်ကြပါသည်။

အစိုးရရုံးဌာနများ၊ ဆေးရုံများ၊ စက်ရုံအလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ဟိုတယ်များ၊ ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်ကြီးများ၊ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ပေါ်ပေါက်ပါက ဆုံးရှုံးမှုပိုမိုခံစားရနိုင်ပါသည်။ ထို့ကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများ၊ မီးငြိမ်းသတ်ရေးကိရိယာများ ပြည့်စုံစွာထားရှိရေးကို ဦးစားပေး ဆောင်ရွက်ထားကြရပါမည်။ မီးလောင်မှုဖြစ်ပွားပါက အချိန်မီငြိမ်းသတ်နိုင်ရေးအတွက် မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပစ္စည်းများ ပြောင်းရွှေ့သယ်ယူရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး မီးသတ်ဦးစီးဌာနထံမှ အကူအညီရယူ၍ သင်တန်းပေးခြင်း၊ အသိပညာပေး ဟောပြောခြင်း၊ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ အမြဲမပြတ် စစ်ဆေးဆောင်ရွက်ခြင်းစသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရပါမည်။

လမ်းများအဝင်အထွက်မကောင်း၍ မီးသတ်ယာဉ်များ ဝင်ရောက်ငြိမ်းသတ်ရန် အခက်အခဲများ ကြုံတွေ့ကြရပါသည်။ လမ်းမကြီးများ၊ လမ်းသွယ်များတွင် မီးသတ်ယာဉ်နှင့် မလွတ်ကင်းသည့် သစ်ပင်များ၊ လျှပ်စစ်မီးကြိုးများ၊ ကေဘယ်လ်ကြိုးများ၊ ဝိုင်ဖိုင်ကြိုးများကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ စနစ်တကျဖြစ်ရန် စီမံထားသင့်ပါသည်။ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်နေသည့် အဆောက်အအုံများ၊ ဈေးဆိုင်များ၊ ဆောက်လုပ်ဆဲအဆောက်အအုံများမှ အုတ်၊ ထုံး၊ သဲ၊ ကျောက်စသည့် ပစ္စည်းများ စနစ်တကျ ထားရှိစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများက စီမံဆောင်ရွက်သင့်ပါသည်။

လက်ရှိကာလသည် စူပါအယ်လ်နီညိုသဘာဝဖြစ်စဉ်များကို ရင်ဆိုင်နေရချိန် ဖြစ်ပါသည်။ နေ့အပူချိန်မြင့်တက်မှုများကြောင့် ပူပြင်းခြောက်သွေ့နေချိန်တွင် မီးဘေးအန္တရာယ် ပေါ်ပေါက်ခဲ့ပါက လောင်ကျွမ်းမှု အရှိန်ပိုမိုကောင်း၍ ထိခိုက်ဆုံးရှုံးမှုများလည်း ပိုမိုခံစားကြရနိုင်ပါသည်။

မီးဘေးအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးကြရခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုလည်း ဖြစ်ပါသည်။ မီးလောင်ပြီးနောက် မီးဘေးသင့်သူများအား ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရပါသည်။ မီးဘေးကြောင့် အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးကြရပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုလည်း ခံစားကြရပါသည်။

မီးဘေးအန္တရာယ်သည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဖြစ်ပေါ်မည်ကို ကြိုတင်ခန့်မှန်း၍ မရနိုင်သည့် သဘာဝဘေးအန္တရာယ် ဖြစ်သော်လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကြိုတင်ကာကွယ်၍ ရနိုင်ပါသည်။ ပြည်သူတစ်ဦးချင်းစီက မီးဘေးအန္တရာယ်မဖြစ်စေရေး သတိ၊ မီးဘေးကာကွယ်ရေးအသိများဖြင့် မီးဘေးအန္တရာယ်များမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုးကား

မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး တာဝန်ခံသင်တန်းမှတ်စု

နေ့စဉ်ထုတ် သတင်းစာများ

အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး



နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိတ်ဝင်စားမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနာဂတ်ပညာရေး အခွင့်အလမ်းများ တိုးတက်လာစေရေးကို အဓိကထားပြီး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာအာကာသအရောင်စီ ညွှန်ကြားရေးမှူး ဒေါက်တာသန်းအောင်ဝိုးက အခြေခံပညာအဆင့် အာကာသ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်း ကောင်း၊ တက်ရောက်လာသည့် နေပြည်တော်ကောင်စီဝင်များနှင့်ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



ပုသိမ် နိုဝင်ဘာ ၄

ဧရာဝတီ တိုင်းဒေသကြီးရှိ ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်း ၉၅ မိုင်အတွင်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင် ၅၆ မိုင်မှ ၅၆မိုင် ၁ဖာလုံကြားရှိ အမှတ် (၁/၅၇) တင်းချောင်းတံတား (ပုသိမ်ဘက်ခြမ်း) အား တောင်ကျရေ တိုက်စားမှုကြောင့် မြေသားပြိုကျပျက်စီးမှုကို မြေထိန်းနံရံတည်ဆောက်ခြင်း၊ ချောင်းကျောက်ရောမြေဖြည့်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ အနေကဓာတင်ဆောင်၌ ကျင်းပသည့် မြတ်မော်တင်စေတီတော် ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင်တက်ရောက်လာကြသူများက မြတ်မော်တင်စေတီတော် အဝင်လမ်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ စေတီတော်ပရိဝုဏ်အတွင်း လေကာပင်များ စိုက်ပျိုးထားရှိမှု၊ ဘုရားပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူများ သုံးရေလုံလောက်စွာအသုံးပြုနိုင်ရေးအတွက် ရေလှောင်ကန်များဖြင့် ရေသိုလှောင်ဆောင်ရွက်ထားရှိမှု၊ စေတီတော် ကုန်းမြေအောက်ခြေပင်လယ်ရေလှိုင်း တိုက်စားမှုမှ ကာကွယ်ရန် ကမ်းထိန်းနံရံ ဆောင်ရွက်ထားရှိမှု၊ စေတီတော် ရင်ပြင် တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း ဆိုင်ရာ ကိစ္စရပ်များ တင်ပြဆွေးနွေးမှု များအပေါ် ဆောင်ရွက်ပေးပြီး စေတီတော် မြတ်ကြီး၏ ရင်ပြင်တော်ရှိ သာသနိက အဆောက်အအုံများ တည်ဆောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ သို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် သည် ဗီယက်နမ်နိုင်ငံ ကွမ်နင်းပြည်နယ် ဟောင်လောင်းမြို့၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ (Viet Nam International Digital Week 2026) သို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် MUONG THANH LUXURY HA LONG CENTRE ၌ ကျင်းပပြုလုပ်သည့် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ကွမ်နင်းပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E. Mr. Nguyen Van Cong က ကြိုဆိုအမှာစကားပြောကြားပြီး ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး H.E. VU HAI QUAN က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် "စမတ်ကျသောချိတ်ဆက်မှုများကို မြှင့်တင်ခြင်း၊ AI နည်းပညာစီမံအုပ်ချုပ်မှုနှင့် AIအသွင်ကူးပြောင်းမှုကို အထောက်အကူပြုခြင်း (Advancing Smart Connectivity, AI Governance and Enabling AI Transformation)" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝ အရည်အသွေးမြှင့်တင်ရေးနှင့် နိုင်ငံတော်၏ ကြံ့ကြံ့ခံနိုင်စွမ်းတို့အတွက် မရှိမဖြစ်အရေးပါလာသည့်အတွက် ခိုင်မာသော ဒီဂျစ်တယ်အခြေခံအုတ်မြစ်များချမှတ်ရန်နှင့် ပြည်တွင်း ဒီဂျစ်တယ်စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သကဲ့သို့ အားလုံးပါဝင်နိုင်ပြီး ယုံကြည်စိတ်ချရသည့် ပြည်သူ အားလုံးအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် ပုံစံဖြစ်စေရေးကိုလည်း သေချာစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ တွက်ချက်မှုစွမ်းရည်အရင်းအမြစ်များနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ အခြေခံအဆောက်အအုံများကို မျှဝေအသုံးပြုခြင်း၊ ယုံကြည်စိတ်ချရသော နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ်နည်းပညာနှင့် AI ဆိုင်ရာမူဘောင်များ ဖော်ဆောင်ခြင်းနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်ပညာရှင်များအကြား အတွေ့အကြုံဖလှယ်ခြင်းတို့တွင် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဆန်းသစ်တီထွင်မှုများတွင် တာဝန်ယူမှုရှိပြီး အကျိုးကျေးဇူးများကို အားလုံးမျှဝေခံစားနိုင်သည့် ဒီဂျစ်တယ်အနာဂတ်တစ်ရပ် ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဘူရွန်ဒိနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးအဆင့် ကိုယ်စားလှယ်များ၊ အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၂၉ ရက်တွင် "Workshop on Trusted Services Beyond Borders: Establishing Digital Trust Infrastructure for an AI-Driven World" ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဒီဂျစ်တယ်ရက်သတ္တပတ် ၂၀၂၆ သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ဒီဂျစ်တယ်ကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် အစိုးရအေဂျင်စီများမှ အဆင့်မြင့်ကိုယ်စားလှယ် များ၊ GSM Association ၊ UNDP နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာနည်းပညာကုမ္ပဏီများ၊ ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ်စက်ပစ္စည်းရောင်းချသူများ၊ တက္ကသိုလ်နှင့် သုတေသနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် နိုင်ငံပေါင်း ၃၀ ကျော်မှ ကိုယ်စားလှယ် ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❐ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

❐ သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွား အောင် ထိန်းသိမ်းပေး။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် Volleyball For School Program အရ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဘက်စုံသုံး အားကစားခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆု၊ အမျိုးသား အကောင်းဆုံး အားကစားသမား ဆု၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် အလုံခရိုင်အသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် လှည်းကူးခရိုင်အသင်း၊ အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မှော်ဘီခရိုင်အသင်းတို့ကို တိုင်းဒေသကြီး ဝန်ကြီးများက ဆုကလပ်များ၊ တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆု ရရှိသည့် တွံတေးခရိုင်အသင်းနှင့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် တွံတေးခရိုင်အသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပို့)

ဖွဲ့ထက်ကို

(ပြန်/ဆက်)

လူငယ်လေ့လာရေးအဖွဲ့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ သွားရောက်လေ့လာ

တောင်ကြီး နိုဝင်ဘာ ၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များမှ လူငယ်လေ့လာရေးအဖွဲ့သည် တောင်ကြီးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့လေ့လာစဉ် တာဝန်ရှိသူများက ရှေးဟောင်း သုတေသနဆိုင်ရာပြတိုက်ရှိ တိုင်းရင်းသားမျိုးနွယ်စု ပြခန်း၌ ရှမ်းပြည်နယ်၏ အထိမ်းအမှတ် ကိန္နရီ၊ ကိန္နရာ ကဟန်ရုပ်တု၊ ရှမ်းပြည်နယ်အတွင်းနေထိုင် ကြသည့် တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှု နှင့် အသုံးအဆောင်ပစ္စည်းများ၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပြခန်းရှိ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ လက်မှုလုပ်ငန်း များ၊ စဉ့်ထည်၊ ယွန်းထည်၊ မြေထည်များနှင့် တိုင်းရင်း သားများ၏ ရိုးရာအိမ်ပုံစံငယ်များ၊ ပေါရိုသတ် မြို့ဟောင်းမှရရှိခဲ့သည့် ကြေးဖြင့် သွန်းလောင်းထား သော ပျူခေတ်ဆိုင်ရာ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်၊ သစ်သားဖြင့် ထွင်းထုထားသော စေတီတော်၊ ပျူဒင်္ဂါး များ၊ ရုပ်ကြွပါသော အုတ်ချပ်များ၊ သစ်မွေးစာတိုက် သေတ္တာများ၊ ရှမ်းတိုင်းရင်းသားစာဆိုတော်များ၏ ပန်းချီကားများ၊ ရှေးယခင်ကုန်စည်ဝန်ဆောင်မှုတွင် အသုံးပြုသော ကြေးခေါင်းလောင်းများ၊ သမိုင်းဝင် ပင်လုံစာချုပ်နှင့် ပန်းချီပြခန်း၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပြခန်း၊ သုတ၊ ရာ စာအုပ်စာစောင် များ ထိန်းသိမ်းထားရှိမှုနှင့် ၄င်းရမ်းမှုအခြေအနေကို လိုက်လံရှင်းလင်းပြသကြပြီး လူငယ်လေ့လာရေးအဖွဲ့ ၏ သိရှိလိုသည်များကို ဖြေကြားပေးကြသည်။

အဆိုပါလူငယ်လေ့လာရေးအဖွဲ့ ပြတိုက်အတွင်း ကြည့်ရှုလေ့လာနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေ ချုပ်တို့က သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး လူငယ်များအတွက် စားသောက်ဖွယ်ရာ များ ပေးအပ်သည်။



ထိုမှတစ်ဆင့် လူငယ်လေ့လာရေးအဖွဲ့သည် တောင်ကြီးမြို့ လူထုအခြေပြုဇာတိဌာနကို သွားရောက် လေ့လာကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာ များ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ တောင်ကြီးမြို့မ ရဲစခန်း၌ လေးခန်းတွဲသုံးထပ် သံကူကွန်ကရစ် အဆောက်အအုံတည်ဆောက်နေမှု၊ မင်္ဂလာဦး ရပ်ကွက်ရှိ တောင်ကြီးနယ်ခြေရဲစခန်း၌ ခြောက်ခန်း တွဲသုံးထပ် သံကူကွန်ကရစ် အဆောက်အအုံ တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

စဉ့်ကိုင်မြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေးအသိပညာပေး

စဉ့်ကိုင် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ထန်းသုံးပင် ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အသိပညာပေးခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂ ရက်က ကွင်းဆင်း ဆောင်ရွက်ကြပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဝိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ ဝိုးခေါင်ခြင်း၊ ရေရှားခြင်းများဖြစ်ပေါ်လာ နိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကိုကြိုတင် စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြ ရန်၊ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန်အချက် များ၊ ရောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာ များသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန်အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘုန်းမြတ်



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ပတ္တမြားစျေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးမင်းမောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအဖွဲ့များ ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုမိုး

မိုးတိမ်တောင်ရွှေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

(၄-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၇ ~ ၃၆၇၀	၅၅၇ ~ ၅၅၇.၈	၁၂.၃ ~ ၁၂.၅	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၅,၈၈၃,၂၈၂.၄၆	၆,၃၃၆,၂၀၃.၄၀	၃၆,၇၃၇,၇၇၄.၆၇	

တူနီးရှားက သစ်တောဟက်တာ ၃၀၀၀၀ ပြန်လည်ထူထောင်ရန် ၁၀ နှစ်တာ မဟာဗျူဟာစီမံကိန်းချမှတ်

တူးနစ် နိုဝင်ဘာ ၄

တူနီးရှားနိုင်ငံသည် သစ်တောဂေဟစနစ်များ ပြန်လည်ကောင်းမွန်လာစေရန်နှင့် ရာသီဥတု ပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိစေရန် ရည်ရွယ်၍ သစ်တောဟက်တာ ၃၀၀၀၀ ကို ပြန်လည် ထူထောင်မည့် ၂၀၂၆-၂၀၃၅ မဟာဗျူဟာ မြေဂက် လုပ်ငန်းစီမံချက်တစ်ရပ်ကို ချမှတ် လိုက်ကြောင်း တူနီးရှားသတင်းဌာန TAP က နိုဝင်ဘာ ၃ ရက်တွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တောမီး လောင်ကျွမ်းမှုများကြောင့် သစ်တော ၇၄၆၀၂ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့ပြီး ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုတန်ဖိုးမှာ တူနီးရှား ဒီနာ ၂၄၁ ဒသမ ၁၆ သန်းခန့် (အမေရိကန် ဒေါ်လာ သန်း ၈၀ ခန့်) ရှိခဲ့သည်။ ယင်းဆုံးရှုံးမှု များကို တုံ့ပြန်ရန်အတွက် အဆိုပါလုပ်ငန်း စီမံချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

သစ်တောပြန်လည်ထူထောင်ရေး အစီ အစဉ်တွင် ဖော့ဝက်သစ်ချပင်နှင့် အလက်ပို ထင်းရှူးပင်များ ပေါက်ရောက်သည့် သစ်တော များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ် သည်။ ထို့ပြင် သစ်တောဆိုင်ရာ အခြေခံ အဆောက်အအုံများကို ခေတ်မီအောင် မြှင့်တင်ခြင်းနှင့် ဒေသတွင်းရာသီဥတုအခြေ အနေများနှင့် ကိုက်ညီသည့် ဒေသရင်းအပင် မျိုးစိတ်များ စိုက်ပျိုးခြင်းတို့လည်း ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၆-၂၀၂၇ ရာသီအတွက် သစ်တော ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဟက်တာ ၂၄၀၀၀ ခန့်တွင် ဆောင်ရွက်သွား မည်ဖြစ်သည်။ ထို့အပြင် ပျိုးပင်ပေါင်း ၁၀ သန်း ထုတ်လုပ်ရန်နှင့် သစ်တောပျိုးဥယျာဉ် ၁၀ ခု ရှိ အခြေခံအဆောက်အအုံများကို ပြန်လည် ပြုပြင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

အသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သည့် အစီအစဉ်အရ ပျိုးပင်ပေါင်း ၁ ဒသမ ၈ သန်းကိုလည်း စိုက်ပျိုးသွားမည် ဖြစ်သည်။ ယင်းလုပ်ငန်းများသည် ကုလသမဂ္ဂ ၏ ၂၀၂၁-၂၀၃၀ ဂေဟစနစ်ပြန်လည်ထူထောင် ရေးဆယ်စုနှစ် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်း လည်း ဖြစ်သည်။

တူနီးရှားနိုင်ငံသည် လာမည့် နိုဝင်ဘာ ၈ ရက် အမျိုးသားသစ်ပင်စိုက်ပျိုးရေးနေ့တွင် "ယနေ့သစ်တစ်ပင်၊ မနက်ဖြန်သစ်တစ်ပြင်" ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ ဆင်ဟွာ

■



မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်မှုများကြောင့် မလေးရှားနိုင်ငံ လေဆိပ်လုံခြုံရေးစနစ် အဆင့်မြှင့်တင်မည်

ကွာလာလမ်ပူ နိုဝင်ဘာ ၄

မလေးရှားနိုင်ငံ၏ လေဆိပ်များတွင် မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်မှုကို တားဆီးဖော်ထုတ်နိုင်ရေးအတွက် လက်ရှိအသုံးပြုနေသည့် စစ်ဆေးရေးနည်းပညာများ၏ အားနည်းချက်များကို ကုစားပြီး လေဆိပ် လုံခြုံရေးစနစ်ကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်က နိုဝင်ဘာ ၃ ရက်တွင် ပြောကြားသည်။

မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်သူများသည် ပိုမိုခေတ်မီ ဆန်းပြားသည့် နည်းလမ်းများကို အသုံးပြုလာကြသော်လည်း လေဆိပ် များတွင် အသုံးပြုနေသည့် စစ်ဆေးရေးကိရိယာများမှာ ယခင်နည်းပညာ များအပေါ် အခြေခံထားဆဲဖြစ်ကြောင်း ဝန်ကြီးချုပ်က ပါလီမန် အစည်းအဝေးတွင် ပြောကြားသည်။

လက်ရှိအသုံးပြုနေသည့် စစ်ဆေးရေးစနစ်များသည် လက်နက်နှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကို ရှာဖွေဖော်ထုတ်ရန် အဓိက ရည်ရွယ်ထားခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးများကို ဖော်ထုတ်နိုင်ရန် နည်းပညာအသစ်များ လိုအပ်လာကြောင်း ၎င်းက ရှင်းပြသည်။

ထို့ပြင် ယခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်း နိုင်ငံ၏ နယ်စပ်ဝင်ပေါက်များ၌ တရားမဝင်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖမ်းဆီး ရမိမှု ၄၁ မှုရှိခဲ့ပြီး ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများ၏ တန်ဖိုးမှာ မလေးရှား ရင်းဂစ် ၄၂ ဒသမ ၃၈ သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ သန်းခန့်) ရှိကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ဆင်ဟွာ

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကတိပြု

အတ္တလန္တာ နိုဝင်ဘာ ၄

ဂျပန်၊ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အတွက် သုံးနိုင်ငံအကြား စည်းလုံးညီညွတ်မှုရှိရန် အရေးကြီးကြောင်း အတည်ပြုခဲ့ကြပြီး သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် သွားရန် ကတိပြုခဲ့ကြသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတဲဂိ တိုရိုမစ်ဆု၊ အမေရိကန်နိုင်ငံခြား ရေးဝန်ကြီး မာကိုရူဘီယိုနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဟွန်းတို့သည် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးပြင်ပ၌ အမေရိကန်ပြည်ထောင်စု အတ္တလန္တာမြို့တွင် အောက်တိုဘာ ၃၀ ရက် က သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဝန်ကြီးသုံးဦးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် များနှင့်အညီ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များ အလုံးစုံဖျက်သိမ်းရေးဆိုင်ရာ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ ကြသည်။ ထို့ပြင် ဒေသတွင်းအခြေအနေများနှင့်စပ်လျဉ်း၍ အဖြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပြီး သုံးနိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်



သွားရန် သဘောတူညီခဲ့ကြသည်။

ထို့အပြင် ဝန်ကြီးများသည် အာတိတ်-ပစိဖိတ်ဒေသဆိုင်ရာ သုံးနိုင်ငံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြ သည်။ ယင်းစာချွန်လွှာတွင် သုံးနိုင်ငံအကြား အာတိတ်-ပစိဖိတ် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းရန်လည်း ပါဝင်ကြောင်း သိရသည်။ အင်နံအိတ်ချဲကေ

ဘင်္ဂလားဒေ့ရှ်အထည်ချုပ်လုပ်ငန်းများတွင် လုပ်ခလစာတိုးမြှင့်ရေး ဆန္ဒဖော်ထုတ်

ဒါကာ နိုဝင်ဘာ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထည်ချုပ်လုပ်သားများက အနည်းဆုံး လုပ်ခလစာတိုးမြှင့်ပေးရန် ဆန္ဒ ဖော်ထုတ်မှုများ ပြုလုပ်နေကြ သဖြင့် အထည်ချုပ်စက်ရုံ ရာနှင့် ချီ၍ လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က စတင်ခဲ့သည့် ဆန္ဒဖော်ထုတ်မှုများ သည် မြို့တော်ဒါကာအနီးရှိ အထည်ချုပ်စက်မှုဇုန်များသို့ ပျံ့နှံ့ လာခဲ့ပြီး လုပ်သားများနှင့် ရဲတပ်ဖွဲ့ ဝင်များအကြား ထိပ်တိုက်တွေ့ဆုံ မှုများ ဖြစ်ပွားခဲ့ရာ လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

လုပ်သားများသည် လူနေမှု စရိတ် မြင့်တက်လာမှုနှင့်အညီ အနည်းဆုံး လစဉ်လုပ်ခလစာကို လက်ရှိတာကာ ၁၂၅၀၀ မှ တာကာ ၃၀၀၀၀ အထိ တိုးမြှင့်သတ်မှတ် ပေးရန် တောင်းဆိုနေကြခြင်း ဖြစ်သည်။ အစိုးရက လုပ်ခလစာ ပြန်လည်သုံးသပ်ရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းပေးထားသော်လည်း ဆန္ဒ ဖော်ထုတ်မှုများ ဆက်လက်ဖြစ်ပွား နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေအနေသည် လာမည့်နှစ် ဇွန်ဦးနှင့် ဇွန်ရာသီ အတွက် နိုင်ငံတကာအမှာစာ များကို အချိန်မီထုတ်လုပ်ပေးရ မည့် အရေးကြီးကာလနှင့် တိုက်ဆိုင်နေသဖြင့် စက်ရုံ လုပ်ငန်းများ ရပ်ဆိုင်းရခြင်းသည် အထည်ချုပ်ထုတ်လုပ်မှုနှင့် ပို့ကုန် တင်ပို့မှုများအပေါ် သက်ရောက်မှု ရှိလာနိုင်ကြောင်း သိရသည်။ အင်နံအိတ်ချဲကေ

လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ဆော်ဒီအာရေဗျ၌ ကျင်းပမည့် အာရှဖလားဘောလုံးပြိုင်ပွဲ ရွှေ့ဆိုင်း

ရီယာဒ် နိုဝင်ဘာ ၄

အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည် ဆော်ဒီ အာရေဗျနိုင်ငံ၌ ကျင်းပမည့် အာရှဖလား ဘောလုံးပြိုင်ပွဲကို တစ်နှစ်နီးပါး ရွှေ့ဆိုင်း လိုက်ကြောင်း နိုဝင်ဘာ ၃ ရက်တွင် ကြေညာခဲ့ သည်။

မူလက ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျင်းပရန် စီစဉ်ထား သည့် အဆိုပါပြိုင်ပွဲကို ၂၀၂၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း AFC က ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်ကို ဒေသတွင်း ဖြစ်ပေါ်နေသည့် ထူးခြားသောအခြေအနေများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများ နှင့် ခရီးသွားလာရေးအနှောင့်အယှက်များကို ထည့်သွင်းစဉ်းစား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ က ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲရက်ရွှေ့ဆိုင်းမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် သက်ရောက်မှုများကို အနည်းဆုံး ဖြစ်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း AFC က ပြောကြားသည်။ အင်နံအိတ်ချဲကေ

မော်လ်ဒိုက်က ၂၀၂၇ ခုနှစ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှု စတင်

မာလေး နိုဝင်ဘာ ၄

မော်လ်ဒိုက်နိုင်ငံသည် လန်ဒန်မြို့၌ ကျင်းပသည့် ကမ္ဘာ့ခရီးသွား စျေးကွက် ၂၀၂၆ ပြပွဲတွင် နိုင်ငံ တကာ မီဒီယာများနှင့် အဓိကခရီး သွားလုပ်ငန်းဆိုင်ရာ မိတ်ဖက်များ ကို ပစ်မှတ်ထားသည့် ကမ္ဘာလုံး ဆိုင်ရာ ခရီးသွားမြှင့်တင်ရေး လှုပ်ရှားမှုတစ်ရပ်ကို စတင် မိတ်ဆက်ခဲ့ကြောင်း ပီအက်စ်အမ် သတင်းဌာနက နိုဝင်ဘာ ၄ ရက် တွင် ဖော်ပြသည်။

မော်လ်ဒိုက်နိုင်ငံ၏ ခရီးသွား လုပ်ငန်း တိုးတက်မှုအရှိန်အဟုန် ကို မြှင့်တင်ရန် ရည်ရွယ်၍ ၂၀၂၇ ခုနှစ်ကို အရေးပါသည့် မှတ်တိုင်နှစ်အဖြစ် သတ်မှတ် ကြောင်း သမ္မတ မိုဟာမက် မူအစ်ဇူက ကြေညာခဲ့ပြီးနောက် ယခုလှုပ်ရှားမှုကို စတင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ လှုပ်ရှားမှုမှတစ်ဆင့် မော်လ်ဒိုက်နိုင်ငံ၏ ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဒေသခံ လူမှုအသိုက်အဝန်းများ နှင့် ဧည့်ဝတ်ကျေပွန်မှုတို့ကို နိုင်ငံတကာသို့ ကျယ်ကျယ် ပြန့်ပြန့် မိတ်ဆက်ဖော်ပြသွားမည် ဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

ဂျပန်တောင်သူလယ်သမားများ ဓာတ်မြေဩဇာဈေးနှုန်းမြင့်တက်မှုနှင့် ရင်ဆိုင်ရနိုင်

ဂျပန်နိုင်ငံ၏ အကြီးဆုံး ဓာတ်မြေဩဇာတင်သွင်းဖြန့်ဖြူးရေးအဖွဲ့ ဖြစ်သည့် အမျိုးသားစိုက်ပျိုးရေးသမဝါယမအသင်းချုပ်သည် လာမည့်နွေဦးစိုက်ပျိုးရာသီအတွက် ဓာတ်မြေဩဇာဈေးနှုန်းများ တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ယင်းဈေးနှုန်းမြင့်တက်မှုသည် အရှေ့အလယ်ပိုင်းဒေသတင်းမာမှု များကြောင့် ဓာတ်မြေဩဇာထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းနှင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့နှင့် အဓိက သက်ဆိုင်ကြောင်း သိရသည်။ အင်နံအိတ်ချဲကေ

သီတင်းတစ်ပတ်အတွင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်သို့ ဒုတိယမြောက်မုန့်တိုင်းတိုက်ခတ်

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ကမ်းရိုးတန်း ဒေသများသို့ အင်အားပြင်းဆိုင်းကလုန်းမုန့်တိုင်း မူရားစု ဝင်ရောက် တိုက်ခတ်ခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပွားခဲ့ကာ နေအိမ် ၃၁၂ လုံး၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် စိုက်ပျိုးမြေဟက်တာ ၅၂၄၉ ပေါ်ရှိ ကောက်ပဲသီးနှံများ ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများ က နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် သီတင်းတစ်ပတ်အတွင်း အန်ဒရာပရာဒေ့ရှ် ပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်သည့် ဒုတိယမြောက် ဆိုင်ကလုန်း မုန့်တိုင်းဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်က ဆိုင်ကလုန်းမုန့်တိုင်း အာနာဘ်သည် အန်ဒရာပရာဒေ့ရှ်ပြည်နယ်နှင့် ဩဒီဿပြည်နယ်တို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

◆ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဟန်ဝင်းအောင်၊ ဦးဖြူးစော်စိုး၊ ဦးမျိုးကျော်သူ၊ ဒေါက်တာသန့်စော်လွင်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား (၈၅) ကီလိုတန်း၊ (၉၅) ကီလိုတန်းနှင့်+(၉၅) ကီလိုတန်း) အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မနေ့ာအယ်ကညော ကျော့၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆု ရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းမှ မောင်ထက်အာကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မနေ့ာအယ်ကညော ကျော့၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆု ရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းမှ မောင်ထက်အာကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မနေ့ာအယ်ကညော ကျော့၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆု ရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းမှ မောင်ထက်အာကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မနေ့ာအယ်ကညော ကျော့၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆု ရရှိသည့် မကွေးတိုင်းဒေသကြီး အသင်းမှ မောင်ထက်အာကာဖြိုး၊ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး အလေးမပြိုင်ပွဲတွင် ကီလိုတန်းများအလိုက် အမြန်မပြိုင်ပွဲ၊ နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးရဲဖြင့်ထွန်း၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီး (၆၉) နှစ်ဝိုင်းတစ်ဝိုင်းဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

အပတ်စဉ်(၁၇)ပွဲစဉ်များအပြီးတွင် Pacific Sun Far နှင့် MIU FC အသင်းတို့က ရမှတ် ၄၆ မှတ်စီဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေသည်။ YRG FC က ၄၃ မှတ်၊ YCDC Dream Team က ၃၅ မှတ်၊ Gold Dream က ၃၃ မှတ်၊ ULAD FC က ၂၇ မှတ်၊ JV FC က ၂၀ မှတ်၊ United City နှင့် Royal Nok တို့က ၁၈ မှတ်စီ၊ ရွှေပြည်သာယူနိုက်တက်က ၁၁ မှတ်၊ မင်္ဂလာဒုံစီးတီးက သုံးမှတ်နှင့် Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ–MFF

❖ *ကျောဖုံးမှ*

နောက်တစ်ဆင့်တက်ရောက်နိုင်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပွဲပြီးချိန်အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်းမှ ဂိုးသမား မင်းခန့်နိုင်ရရှိခဲ့သည်။

အပတ်စဉ်(၂၂)ပွဲစဉ်များအပြီးတွင် ရန်ကုန်ယူနိုက်တက်က ၅၂ မှတ်၊ ဒဂုံစတားယူနိုက်တက်က ၄၉ မှတ်၊ ISPE က ၄၇ မှတ်၊ ရတနာပုံက ၃၉ မှတ်၊ ရှမ်းယူနိုက်တက်က ၃၈ မှတ်၊ ရန်ကုန်စီးတီးက ၃၇ မှတ်၊ Galaxy FC နှင့် Falcon FC တို့က ၃၃ မှတ်စီ၊ သစ္စာအားမာန်က ၃၀ မှတ်၊ ဧရာဝတီယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်တို့က ၂၁ မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်က ၁၈ မှတ်၊ မြဝတီက ၁၀ မှတ်နှင့် ချင်းလန်းအသင်းက ငါးမှတ်ရရှိထားသည်။

နေမျိုး
ဓာတ်ပုံ–ML

▼ *ကျောဖုံးမှ*

ရိုးမားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးရရှိနိုင်သည့် အခွင့်အရေး ဖန်တီးမှုအသာဖြင့် ပွဲချိန်အများစု ထိန်းချုပ်ကစားနိုင်ခဲ့သည်။

ပွဲချိန်ပြည့်ခါနီးတွင် မန်ယူအသင်းတောင်ပံတိုက်စစ်ကစားသမား ကွန်ညာအနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ မန်ယူအသင်းသည် ယခုနိုင်ပွဲရလဒ်ကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့်တွင် လေးပွဲကစားပြီး နှစ်ပွဲနိုင် နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။ ပြိုင်ဘက် ရိုးမားအသင်းက တစ်ပွဲနိုင် တစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် ဂါလာတာစရေးက စတုဂုတ်ကို နှစ်ဂိုး–ဂိုးမရှိ၊ စပို့တင်းက ရွက်တာဒိုးနက်ကို တစ်ဂိုး–ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က အက်သလက်တီကိုမက်ဒရစ်ကို နှစ်ဂိုး–ဂိုးမရှိ၊ ဘာစီလိုနာက အက်စ်တွန်ဗီလာကို သုံးဂိုး–ဂိုးမရှိ၊ အင်တာမီလန်က ဗီယင်နာကို သုံးဂိုး–ဂိုးမရှိ၊ LASK က ဆလိုဗန်ကို လေးဂိုး–ဂိုးမရှိ၊ ပီအက်စ်ဂျီက ဗီလာရီးရဲကို ခြောက်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဘိုဒိုဂလင့်နှင့် လိုင်လီအသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။

အောင်ဇော်

❍ *ကျောဖုံးမှ*

ဖမ်းဆီးရမိ

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် ဧန်နဝါရီ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံ ကျေးရွာအနီးတွင် တရားခံ နှစ်ဦးမောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံခြောက်ဦးနှင့်အတူ စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ် (မက်သိအဖက်တမင်း) ၁ ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၉၅၃၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင် ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုပိုကဒ်းဖွဲ့၍ အဓိကစီမံခန့်ခွဲသူမှာ အောင်ဇော်မင်းခန့်၊ ၄၂ နှစ်၊ ကံကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB) သို့ သတင်းဖလှယ်ပေးပို့ခဲ့သည်။

လွှဲပြောင်းပေးအပ်

ထိုသို့ သတင်းဖလှယ်ချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့် လူဝင်မှုကြီးကြပ်ရေးဗျူရိုတို့ ပူးပေါင်းအဖွဲ့က မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး အောင်ဇော်မင်းခန့်အား ထိုင်းနိုင်ငံ ဘန်ကောက်မြို့ပတ်ပတ်လည်ရှိ ဆိပ်ကမ်းတစ်ခုတွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) မှ တာဝန်ရှိသူ Mr. Kanison Papernon ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်လင်း ဦးဆောင်သည့် အဖွဲ့ထံသို့ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ချမှတ်ပြီး ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ဆက်စပ်တရားခံပြေးများအား အိမ်နီးချင်းနိုင်ငံများ၊ MoU အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့်အလိုရှိ တရားခံပြေး ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေးတစ်ဦးတို့ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုကဲ့သို့ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နိုင်ငံဖြတ်ကျော်မူးယစ်မှုဆင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေသည့်အပြင် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ခုနှစ် ဧန်နဝါရီ ၁ ရက်က တရားခံ ပြည့်ဖြိုးအောင်(ခ)အိုးစည်၊ အားဖျင်(ခ)ကျော်မြင့်လွင်၊ သန်းစိုးအောင်(ခ)ကိုစိုင်း၊ ညီညီဦး၊ မြတ်မင်းခန့်(ခ)ငမောင်၊ ကျော်နိုင်ဦး(ခ)ဦးကျော်(နောက်ဝဲမှယာ)၊ အောင်နိုင်မြင့်(ခ)ပြုံးချို၊ မျိုးထွန်း(ခ)သန်းတင်အောင်၊ အောင်ဆန်းဦး(ခ)ကိုအောင်၊ သန်းထွေး(ခ)ကိုထွေး၊ နိုင်ဦး(ခ)ကိုဦး၊ အားပွာ(ခ)ရန်ကျွမ်းကျဲ(ခ)သန်းကျော်၊ စိုင်းဝမ်းလှိုင်း(ခ)အားရန်နှင့် အားပူး(ခ)လောက်ဝူး (ရှေ့ဝဲမှယာ)တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရှုးသွပ်ဆေးပြား ၅၆ သိန်းနှင့်အတူ တွေ့ရစဉ်။

ဒေသဆိုင်ရာကာကွယ်ဆေးနှင့် ပိုလီယိုကင်းစင်ပပျောက်ရေး စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ အရာရှိများ၏ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနက အဓိကထားဆောင်ရွက်လျက်ရှိသော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံမှုမြင့်မားစေရေးနှင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ပွားမှုအား တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်စွာ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်သွားနိုင်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပံ့ပိုးမှုဖြင့် တာဝန်ပေးခန့်အပ်ထားရှိသော ဒေသဆိုင်ရာကာကွယ်ဆေးနှင့် ပိုလီယိုကင်းစင်ပပျောက်ရေး စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ အရာရှိ (Regional Immunization and Surveillance Officers) များ၏ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်း၊ National Certification Committee for Polio Eradication နှင့် National Immunization Technical Advisory Group ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒုတိယတိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံရုံးခွဲမှ ကိုယ်စားလှယ်များ၊ National Immunization and Surveillance Coordinator (NISC) နှင့် Regional Immunization and Surveillance Officers (RISO) များ တက်ရောက်ကြသည်။



လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပမည်ဖြစ်ရာ ပုံမှန်ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားရေး၊ ပိုလီယိုအကြောသေရောဂါ အမြစ်ပြတ်ပပျောက်ရေး၊ ဝက်သက်နှင့် ကျိုက်သိုးရောဂါ လျော့နည်းပပျောက်ရေး၊ မိခင်နှင့်မွေးကင်းစကလေးမေးခိုင်ရောဂါကင်းစင်မှုအခြေအနေ ဆက်လက်ထိန်းသိမ်းနိုင်ရေးအပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ကပ်အသွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဖြစ်ပွားမှုများအား အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် Regional Immunization and Surveillance Officers များမှ မိမိတို့ တာဝန်ကျရာဒေသများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ အောင်မြင်မှုများ၊ ကွင်းဆင်းကြီးကြပ်ရာ၌ တွေ့ရှိရသော အားသာချက်များ၊ အားနည်းချက်၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းစဉ်များ ရှေ့ဆက်ဆောင်ရွက်ရာတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ ညွှန်ကြားချက်များ ပြည့်မီစေရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုအကျိုးရှိထိရောက်မှုရှိစေရေးတို့အတွက် ပိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးဖြိုဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ၆ ထပ် အဆောက်အအုံများအား ယန္တရားဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင် ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၄ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၁၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၉၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများရှိ ချိုနွဲ့ယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

သာစည်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်

သာစည် နိဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိဂီအောင်နှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့က သာစည်မြို့နယ် ရွှေနှတ်တောင်ကြိုးပြင် ကာကွယ်တော အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီ၌ စိုက်ပျိုးထားသော ဘက်စုံသုံးစိုက်ခင်းဧက ၂၀ စိုက်ပင်များ ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာစေရေး နှစ်အလိုက် သစ်ပင်များတိုးချဲ့စိုက်ပျိုးသွားရန်၊ စိုက်ပျိုးပြီးအပင်များကို ခြောက်သွေ့ရာသီဖြတ်ကျော်ရှင်သန်နိုင်ရေး စိမ်ဆောင်ရွက်သွားရန်နှင့် အနီးပတ်ဝန်းကျင်ရှိ



ဒေသခံပြည်သူများ သစ်တောပြုစုထိန်းသိမ်း စောင့်ရှောက်ရေးတွင် အသိပညာပေးခြင်းများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန် တိုကို မှာကြားခဲ့သည်။ တာဝန်ရှိသူများက ပြုလုပ်သွားကြရန်

ထွန်းထွန်း(သာစည်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိဝင်ဘာ ၄

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကို ဦးဆောင်ကြမည့် မျိုးဆက်သစ်လူငယ်လူရွယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက် ဖြစ်ထွန်းလာစေရန်၊ ကျောင်းသားကျောင်းသူလူငယ်များ ကျောင်းပြင်ပအသိပညာဗဟုသုတများစွာ ရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင်တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက်တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်



တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိဝင်ဘာ ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအခြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား ကြက်ဥအလုံး ၃၀၀၀ ကို သက်သာသော စျေးနှုန်းဖြင့် နိဝင်ဘာ ၄ ရက်က ရောင်းချပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၅-၁၁-၂၀၂၆ ကြာသပတေးနေ့
MRTV HD
၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ နိုင်ငံတော်အတွက်အားမြဲခိုင်ခံ့ပီသိန်
၀၉:၁၀ NRC အစီအစဉ်
၀၉:၃၀ ကမ္ဘာ့ဆုနာမီအသိပညာမြို့မှူးထုတ်ဆေး အထိမ်းအမှတ်အစီအစဉ် 'သတိထားရမည့်ဆုနာမီအန္တရာယ်'
၁၀:၃၅ နိုင်ငံတော်သာယာရို့ သဘာဝပတ်ဝန်းကျင်ထိန်းကြရို့ 'ဝိုင်းနီမြေငွေ့ နှင်းလေထုညစ်ညမ်းမှုအကြောင်း'
၁၁:၃၀ NEXT LEVEL
၁၁:၃၀ MRTV National News
၁၁:၄၀ နေ့လည်အနားသတ်သိပ္ပံဆတ်
၁၂:၁၅ Soccer View
၁၃:၃၀ လူမှုစီးပွားသတင်းများ
၁၃:၄၅ သံစဉ်ချိုမြမြမ်ာတေးအလှ
၁၄:၀၀ လွတ်တော်သတင်း
၁၄:၂၀ မြန်မာ့ဓာတ်လမ်းတွဲ 'ငယ်ငယ်' (အပိုင်း-၁၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေသအခြေအနေ
၂၁:၀၀ လွတ်တော်ရေးရာအစီအစဉ်
၂၁:၂၀ မှတ်မြင်သံကြားဓာတ်လမ်း 'ငရုတ်သင်္ကန်းများ'
၂၂:၀၀ နိုင်ငံခြားဓာတ်လမ်းတွဲ 'သုသမ်ခဲ့' (အပိုင်း-၃၅)
mtv
07:01 Evergreen Classic:a Aseinnaya (Takkatho Lae Lae)
07:10 Mote Sein Paung from Intaing
07:20 "The Space Museum" A Destination of Wonder and Excitement
07:31 Ramayana Classic Talk & Discussion (Episode-2)
08:26 Asia Updates: Pond of Nine Dragons
08:33 Mogok, Ruby Land
08:48 Lisu Village Resort
09:01 The Usefulness of Thread
09:19 Myanmar Athlete Nyein Chan
09:42 Myanmar's Entrepreneurs: Soe Moe Aung
MRTV NRC
ချင်း (ထိုင်ဇိုး) (၀၆:၀၀ မှ ၀၈:၀၀) နွေးထွေးသည့်လှပဘန်ဂျာသို့အလည်တစ်ပေါက် (အပိုင်း-၂)
ချင်း (ဇိုးဂူ) (၀၈:၃၀ မှ ၀၈:၀၀) သားကောင်ရုန်းဆုတောင်ခြင်း
မြန် (၀၈:၀၀ မှ ၁၀:၀၀) ပွဲနှံဘာသာစကားပြောကြရအောင် (အပိုင်း-၁၁)
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) သံပုံစတိပွဲတော်(သူစိတ်သောင်းခြောက်ပွဲ)
ဗွမ်း (၁၂:၀၀ မှ ၁၄:၀၀) ပုန်ပင်ကြောက်ပြွေလုပ်နည်း
ဝ (၁၄:၀၀ မှ ၁၆:၀၀) ဝပျော်ရွှင်စရာနေ့ထုတ်လေးများ
ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကချင်ပိုးစာစကားထပင်း
ကယား (၁၈:၀၀ မှ ၂၀:၀၀) ငွေ့ယယ်နှာတို့စံပျော်ရာထွေတောင်ပြည် ဝေးကားပုန်ကြာလွန်းမြောက်ပေးသောကျန်းမာစေး
MRTV NEWS
၀၆:၀၀ အလွှာ-တေးသီချင်း
၀၆:၀၅ လွှတ်လွှင့်ရာများ-အားကစား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကုဒ် (LIVE)
၁၇:၃၅ Football Highlights
၁၈:၁၅ မြန်မာ့လယ်ယာမြေကဏ္ဍဝိုင်း (ဝဲတီဝိုင်း)
၁၈:၃၅ ကမ္ဘာ့နန်းကိုင်ဝိဝမ်းကွဲလုံလင်
၁၉:၃၅ ငွေကြေးလေ့လာအေးဂျင်စီနည်းပညာ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၃၅ လွှတ်တော်ရေးရာအစီအစဉ်
MRTV PARLIAMENT
၀၉:၀၀ အလွှာ-အလံ
၀၉:၃၀ လွှတ်တော်သတင်း (Replay)
၀၉:၅၅ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနေ့စဉ် တိုက်ရိုက်ထုတ်လွှင့်မှု
၁၉:၀၀ လွှတ်တော်သတင်း (၅-၁၁-၂၀၂၆)
MRTV FARMERS
၀၆:၀၀ အလွှာ-နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်သမားရေးရာသတင်း
၀၇:၀၀ သမဝါယမအသင်းများရေးပွဲလို့ မူစိုက်ပျိုးကြမ်းများပိုမိုထုတ်လုပ်ရို့
၀၈:၀၀ ကားလက်ကွန်ရက်
၁၀:၀၀ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနေ့စဉ် တိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၀ မြန်မာ့ဓာတ်လမ်းတွဲ 'ပဝံဟုမိုးတွေ့ရတုန်း' (အပိုင်း-၁၁)
MRTV SPORTS
၀၆:၀၀ အလွှာ
၀၆:၂၀ လူငယ်ကိုအတွက်လမ်းခြစ်ကြာ
၀၆:၃၀ Sports Diary
၀၇:၃၀ Weekly Soccer Preview
၀၈:၀၀ 33rd SEA Games (အမျိုးသား) တော်လီဘာပြိုင်ပွဲ (Replay) (မြန်မာနှင့်ဝင်ကာပူ)
၁၉:၀၀ အားကစားသတင်း
Scan Here
MRTV MRTV Radio MRTV Radio
Education Channel

ဝမ်းတွင်းမြို့နယ်၌ စက်ရက်ကန်းဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဝမ်းတွင်း နိုဝင်ဘာ ၄

ဝမ်းတွင်းမြို့နယ် မြို့နယ်အားကစားကွင်း၌ စက်ရက်ကန်းဖလား အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၃ ရက်က ပြုလုပ်ရာ ဘုရားစုအသင်းနှင့် မြောက်ဇောင်ချမ်းကုန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြောက်ဇောင်ချမ်းကုန်းမှ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက ပထမဆု ရရှိသည့် မြောက်ဇောင်ချမ်းကုန်းအသင်းအား လည်းကောင်း၊ တတိယဆု ရရှိသည့်အသင်းနှင့် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဘောလုံးအသင်းပေါင်း ၃၇ သင်း၊ အင်အား ၇၇၇ ဦးတို့က ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သရက်မြို့နယ်ရှိ ကျေးရွာများ သွားလာမှုလွယ်ကူစေရေး ရေကျော်ပြုပြင်ဆောင်ရွက်

သရက် နိုဝင်ဘာ ၄

သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သော ဝက်သားစား-ဝက်တိုးမှ ကမ်းနီကျေးရွာသို့ ဆက်သွယ်သောလမ်းပေါ်၌ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်နှင့် တာဝန်ရှိသူများက ဝက်သားစား-ဝက်တိုးမှ ကမ်းနီကျေးရွာလမ်းပေါ်ရှိ ပေ ၂၀၀ ရေကျော်၏ ပျက်စီးနေသော Down Stream ကျောက်ရိုးအား ပေ ၆၀ တည်ဆောက်ခြင်း၊ ဆောင်ရွက်ပြီးစီးမှုနှင့် Retaining Wall ၁၇၅ ပေ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

နေ့လူး

မြောင်းမြမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအသိပညာပေး

မြောင်းမြ နိုဝင်ဘာ ၄

မြောင်းမြမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ငွေးပင်ကျကျေးရွာဘုန်းတော်ကြီးကျောင်းမွှာရုံ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်ဇင်ထွန်းက ဒေသခံပြည်သူများအနေဖြင့် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်နှင့် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးသည်။

ထို့နောက် မြောင်းမြမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ထားမှုများကို ဆွေးနွေးပြောကြားပြီး အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်နိုင်မှုအတွက် သတိပေးနှိုးဆော်ချက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **သန်းလွင်(မကွေး)**



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ်အကြို ဆေးရုံတက်လူနာများအား အာဟာရဒါနလှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၃ရ)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၃ ရက်က အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဒေသခံဆေးရုံတက်လူနာများအတွက် အာဟာရဒါနထမင်းဘူးနှင့် ရေသန့်တို့ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဥဇော်လင်း**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မီးသတ်မှုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ နိုဝင်ဘာ ၃ ရက်က ရပ်ကွက်များအတွင်း အသိပညာပေး လိုက်လံနှိုးဆော်စဉ်။ **အေးမင္ဂုိ**





ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် စည်ပင်သာယာဈေးများအတွင်းရှိ ဈေးသူဈေးသားများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းနှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးခြင်း၊ မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် စစ်ဆေးခြင်းများကို နိုဝင်ဘာ ၃ ရက်က အမှတ်(၇)ဈေးရှိ ဆောင်ရွက်စဉ်။ ကျော်ကျော်(ပြန်/ဆက်)



ချောင်းဆုံမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးနှင့် ကုသိုလ်ကောင်းမှုပြုလုပ်

ချောင်းဆုံ နိုဝင်ဘာ ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၃ရ) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ချောင်းဆုံအနောက်ရပ်ကွက်ရှိ ရွှေဖြင့်ဖိုရ်တောင်ကိုးခန်းကြီးတန်ဆောင်း၌ ပြုလုပ်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်း ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရွှေဖြင့်ဖိုရ်တောင်ကိုးခန်းကြီးတန်ဆောင်း အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မဟာမြတ်မုနိရှပ်ပွားတော်မြတ်အား ရောင်ခြည်တော်ဖွင့်ခြင်းနှင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ခဲ့ကြသည်။ **ကိုကျော်(ချောင်းဆုံ)**



ဟိုင်းကြီးကျွန်းမြို့၌ ရဟန်း၊ သာမဏော၊ သီလရှင်များအား UID ကတ်များဆက်ကပ်

ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၄

ဟိုင်းကြီးကျွန်းမြို့တွင် ရဟန်း၊ သာမဏော၊ သီလရှင်များအား Biometric Data ကောက်ယူ၍ UID ကတ်များ ဆက်ကပ်ပေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက်က မြတ်မော်တင်တောင်တော်ရှိ အမရာကျောင်းဆောင်၌ ကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုင်းကြီးကျွန်းမြို့ ရှေ့တန်းရုံးတာဝန်ခံ ဦးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများသည် ဟိုင်းကြီးကျွန်းမြို့အတွင်း သာသနာ့နွယ်ဝင်မှတ်တမ်းရှိပြီးသော ရဟန်း၊ သာမဏော၊ သီလရှင်များအား Biometric Data များ ကောက်ယူ၍ UID ကတ်များ ဆောင်ရွက်ဆက်ကပ်ပေးခဲ့ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကို နယ်မြေခံတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**

ကဝမြို့နယ် သမအသင်းအမှုဆောင်အဖွဲ့သစ်ရွေးချယ်

ကဝ နိုဝင်ဘာ ၄

ကဝမြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကဝမြို့နယ်သမဝါယမ အသင်းစုခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေလင်းညို တက်ရောက်ပြီး တိုင်းဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက သမဝါယမအသင်းစည်းကမ်းချက်များကို ရှင်းလင်းသည်။ ထို့နောက် အသင်း၏ အမှုဆောင်ဒါရိုက်တာ ခုနစ်ဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ခဲ့သည်။ **ရဲစော်ဟိန်း(ပြန်/ဆက်)**




အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်
နေလယ်နေခင်းအချိန်များ၌ အပိုင်ရှု အေးမြသောနေရာများတွင်နားနေပါ။
ရေများများသောက်ပေးပါ။
နေပူထဲသို့များလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။
အဖြူရောင်နှင့် အရောင်ဖျော့သော ပုဝဝွေးချောင်ချည်ထည်များ ဝတ်ဆင်ပါ။
တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။
နေပူထဲတွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် အားကစားလုပ်ခြင်းကို ရှောင်ကြဉ်ပါ။
အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။
အထူးသတိပြုရမည့်သူများ
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်
ကမ္ဘာနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-
အပူဒဏ်လွန်ကဲခြင်း၊
ပိုးခေါင်ရေရှားခြင်း၊
တောမီးလောင်ခြင်း၊
ရေကြီးရေလျှံခြင်း နှင့်
ဗျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်
ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အခွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်နေနိုင်ပါသည်။
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနနဲ့မှ ပြန်ရေးသားစီရင်သည်။ (ဆေးတက်တိုဘာလ၊ ၂၀၂၆ မှတ်တမ်း)
အပူဒဏ်လွန်ကဲခြင်း
အပူဒဏ်လွန်ကဲခြင်းကြောင့်-
ရေဓာတ်ခန်းခြောက်ခြင်း။
ဝင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)။
သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။
အပူဒဏ်မှကာကွယ်ရန် -
⇒ ရေများများသောက်ပါ။
⇒ နေလယ်နေခင်းအချိန်များ၌ အပိုင်ရှု အေးမြသော နေရာများတွင်နားနေပါ။
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။
ပိုးခေါင်ရေရှားခြင်း
ပိုးခေါင်ရေရှားမှုကြောင့်-
ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
အစာအဆိပ်သင့်ခြင်း၊
မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။
ကူးစက်ရောဂါများမှ ကာကွယ်ရန်-
⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံးချွတ်လက်ကိုစနစ်တကျ ဆေးကြောပါ။
တောမီးလောင်ခြင်း
မူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-
ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ စောက်ဖောက်ခြင်းနှင့်
အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။
ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-
⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်
⇒ ရေများများသောက်ခြင်းဖြင့်
အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။
ရေကြီးရေလျှံခြင်း
ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-
ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
အသည်းရောင်အသားဝါရောဂါ အေနှင့်အီးရောဂါများ ၊
လက်ပတ်စုပိုင်ရိုးစေ့ အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။
ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေလွှမ်းပါးချိန်တွင်-
သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးတက်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊
သောက်သုံးရေပြောင်လည်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊
အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။
ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ
သွေးလွန်တုပ်ကွေးရောဂါနှင့် ဂွက်များရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။
⇒ ခြင်ပေါက်ခံနိုင်သော ရောဝတ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊
⇒ ရေစည်၊ ရေဘိုးများကို အမှုံးလုံအောင်ပုံးထားပါ၊
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်းထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။

ကျိုင်းတုံမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

ကျိုင်းတုံ နိုဝင်ဘာ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်နှင့် ဌာနဆိုင်ရာများတွေ့ဆုံပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်ခည်ဝင်းသာယာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



ကျွန်းစုမြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ကျွန်းစု နိုဝင်ဘာ ၄

ကျွန်းစုမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာများကို ယနေ့နံနက်ပိုင်းက ဝါးချောင်းကျေးရွာ၌ ဆောင်ရွက်ရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးခင်စိုးက တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သစ်တောထိန်းသိမ်းရေးဆိုင်ရာများကို လည်းကောင်း၊ အပူဒဏ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ အယ်လ်နီညို အကြောင်းသိကောင်းစရာများကို လည်းကောင်း၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအကြောင်းကို လည်းကောင်း အသိပညာပေး ပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် သစ်တောကြေးမုံများ ပေးအပ်လှူဒါန်းခဲ့သည်။ ထက်မြင့်(ကျွန်းစု)



မိုင်းဆတ်ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

မိုင်းဆတ် နိုဝင်ဘာ ၄

မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ယနေ့ မွန်းလွဲပိုင်းက ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



လဟယ်မြို့၌ အယ်လ်နီညိုရာသီဥတုကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

လဟယ် နိုဝင်ဘာ ၄ မြို့၌ အယ်လ်နီညိုရာသီဥတုစစ်ကိုင်းတိုင်းဒေသကြီး လဟယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အယ်လ်နီညို ရာသီဥတုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် ကြိုတင်ပြင်ဆင်ရမည့် ခေါင်းစဉ်ဖြင့် ဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

မြို့နယ်(ပြန်/ဆက်)





ညောင်ရွှေမြို့၌ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဟောပြော

ညောင်ရွှေ နိုဝင်ဘာ ၄

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ညောင်ဝဲန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအောင်မြင်ရေး CFI ညွှန်ကြားချက်များနှင့်အညီ သစ်တောဦးစီးဌာနမှ ဆောင်ရွက်ခွင့်ပြုထားသည့် CF ဧရိယာများ၌ တစ်ဧကလျှင် သစ်တောသစ်ပင် ၁၅၀ နှင့် ကြားညှပ်သီးနှံရောနှောစိုက်ပျိုးခြင်း စနစ်တကျဆောင်ရွက်ရေး၊ CFI (၂၀၁၉) ညွှန်ကြားချက်နှင့်အညီ သစ်တောသစ်ပင်များကို ရှင်သန်အောင်မြင်ရန် ထိန်းသိမ်းပြုစုရေး၊ CF များတည်ထောင်သည့်နှစ်မှ သုံးနှစ်အတွင်း ရှင်သန်အောင်မြင်မှု ၇၀ ရာခိုင်နှုန်းရရှိရေး၊ သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက်ခုတ်ထွင်ရှင်းလင်းမှုနှင့် တောင်ယာခွဲထွင်မှုမရှိရေး၊ ရွှေပြောင်းတောင်ယာပျောက်ရေးတို့ကို ရှင်းလင်းဟောပြောပြီး အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ အင်းလေးကန်ဘေးမဲ့တောဇရီယာအတွင်း တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပေါက်ပင်များ ဂရုစိုက်တည်တံ့ရေး၊ ဓာတုပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားသည်။ (မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး စေတုတ္ထရာမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှုလျော့နည်းစေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၃ ရက်က စည်ပင်သာယာဈေး၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးရိုန်းမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ စည်ပင်သာယာဈေးရှိ ဈေးဆိုင်များ၌ လျှပ်စစ်မီးသုံးစွဲမှုနှင့်မီးငြိမ်းသတ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအသိပညာပေးစဉ်။ ဆန်းကိုကို(ပြန်/ဆက်)

စလင်းမြို့နယ် အထကကျောင်းများ၌ အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

စလင်း နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက တောစိမ့်ကျေးရွာအုပ်စု တပ်တွင်း အထကကျောင်းနှင့် ဆင်ဖြူကျွန်းမြို့ ပြည်စိုးကုန်းအထကကျောင်းတို့တွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ပြိုင်တည်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် တာဝန်ရှိသူများကအသိပညာပေးဟောပြောပွဲများကို ကျင်းပသည်။

ဟောပြောပွဲများတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက စူပါအယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူရှိန်ပြင်းထန်ခြင်း၊ ရေရှားပါးခြင်း၊ သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ဖြစ်ပွားလာနိုင်သည့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် အခြားကျန်းမာရေးပြဿနာများ၊ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများ အကြောင်းကို ဆွေးနွေးဟောပြောသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)



ခါမ်းပါတ်မြို့၌ (၁)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

တမူး နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခါမ်းပါတ်မြို့ တိုက်နယ်ကျန်းမာရေးဌာန၌ အသက်(၁)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက် ပိုင်းက ဆောင်ရွက်ရာ ခါမ်းပါတ်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အသက်(၁)နှစ်အောက် ကလေးငယ် ၅၀ အား ပိုလီယို ကာကွယ်ဆေး ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ် ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသဲရောင်အသားဝါ-ဘီ၊ အဆုတ်ရောင်ရောဂါ)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက ထိုးနှံတိုက်ကျွေးခဲ့ပြီး အဆိုပါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ခါမ်းပါတ်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဝင်း၊ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ပိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ရတနာ(တမူး)







သာစည်မြို့နယ် ရွှေယင်မျှော်စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သာစည် နိဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက (၃၈) နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိဝင်ဘာ ၃ ရက်က ရွာကြီးကျေးရွာအနီးရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်စေတီတော်ကြီး၌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးဦးနှင့် အရာထမ်း အမှုထမ်းများ၊ ရပ်ကွက်/ကျေးရွာစာရေးဝန်ထမ်းများက ဘုရားကြီးရင်ပြင်တော်၊ ဘုရားကြီးဝင်းအတွင်းရှိသာသနိကအဆောက်အအုံများနှင့် စောင်းတန်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကာ ဘုရားကြီးအနီး ဗုဒ္ဓဓြေတော်ရာဂနာတော်ရှိ ငါးများကို ငါးစာကျွေးကာ ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)



ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို နိဝင်ဘာ ၄ ရက်က မြို့မဈေးကြီး၌ဆောင်ရွက်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်လင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးထွန်းတို့ ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဇော်ထွန်း၊ အမှုဆောင်အရာရှိဦးရွှေမောင်နှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ဈေးအတွင်း မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေရရှိနိုင်မှုအခြေအနေများ၊ မီးသတ်ဆေးဘူးထားရှိမှုအခြေအနေများကိုစစ်ဆေးပြီး မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းများဆောင်ရွက်စဉ်။

ရွှေမောင်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး၊ သွေးလှူဒါန်းမှုများနှင့် ဖူဆယ်ပြိုင်ပွဲကျင်းပ

တောင်ငူ နိဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက နိဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြပြီး ဝန်ထမ်းရှစ်ဦးက စုပေါင်းသွေးလှူဒါန်းရာ တာဝန်ရှိသူများက အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။




ထို့အတူ နိဝင်ဘာ ၄ ရက်က အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲကို တောင်ငူခရိုင်အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဇော်ကိုကို (တောင်ငူ)

မအူပင်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အကြို စုပေါင်းသွေးလှူဒါန်း

မအူပင် နိဝင်ဘာ ၄

ရော်ဝတီတိုင်းဒေသကြီး မအူပင်မြို့၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပရာ မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများဦးဆောင်၍ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၃၀ က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။



အလားတူ မအူပင်မြို့ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၌ ပန်း၊ ဆီမီး၊ ရေချမ်း၊ နှံ့သာများ ကပ်လှူပူဇော်ခြင်း၊ ရင်ပြင်တော် အတွင်းအပြင် သန့်ရှင်းရေး ပြုလုပ်ခြင်းများကို အထွေထွေအုပ်ချုပ်ဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်သည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဒိုက်ဦးမြို့နယ်၌ ကောက်ပဲသီးနှံများတွင် ဓာတ်ကြွင်းလျော့ချရေး အသိပညာပေး

ဒိုက်ဦး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၃) တောင်သူပညာပေးစခန်း၌ ကောက်ပဲသီးနှံများတွင် ဓာတ်ကြွင်းလျော့ချရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့်တိုင်း/ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံများ၊ ဒေသအတွင်းရှိ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်များ၊ တောင်သူများ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲတွင် တာဝန်ရှိသူများက သီးနှံများတွင် ဓာတ်ကြွင်းလျော့ချရေးဆိုင်ရာ အချက်အလက်များကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



စိုးထက်ကျော်(ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ ထိုင်းနှံကောက်စပါးမျိုး စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အခြောက်စပါး ၁၀၇ ဒသမ ၁၉ တင်း ထွက်ရှိ



ပန်းတောင်း နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာ ရွှေဂူမြောက် ကွင်း၌ တောင်သူ ဦးသက်ဆွေ၏ ထိုင်းနှံကောက်စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ စံကွက်ရိတ်သိမ်းပွဲကို ဥသျစ်ပင်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။ ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် တောင်သူ ဦးသက်ဆွေ စိုက်ပျိုးထားသော ထိုင်းနှံကောက်စပါးမျိုးသည် တစ်ဧကလျှင် အခြောက်စပါး ၁၀၇ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

မိုင်းပျဉ်းမြို့၌ မဟာဗန္ဓုလလမ်း ကွန်ကရစ်ခင်း

မိုင်းပျဉ်း နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့၌ မဟာဗန္ဓုလလမ်း(ကမ်းနားလမ်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စီစစ်ရေးကော်မတီမှ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းကို ယခုဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေ (၄၄)လိုင်းရန်ပုံငွေ) ကျပ် ၉၃၅ သိန်းဖြင့် အလျားပေ ၅၈၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိပြီး ကွန်ကရစ်ခင်း ခြင်းဆောင်ရွက်နေမှုကို မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပြောကြားခဲ့သည်။

နန်းသန္တာဦး(ပြန်/ဆက်)

မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့် အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel) နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ဗျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ည များတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ(၆-၁၁-၂၀၂၆)ရက်၊ သောကြာနေ့ည တွင် အများပြည်သူအပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယို ခေတ်ပေါ်ကေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်ကေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **"ချစ်သူတို့လျှောက်သောလမ်း"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူး ထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည် ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်-

(၆-၁၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ချစ်သူတို့လျှောက်သောလမ်း" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ဆီမီးပွဲတော်	ပြင်ပအဆိုရှင်
၂။	မီးထွန်းခွဲနိုန်	ပြင်ပအဆိုရှင်
၃။	ချစ်တာပဓာန	ပြင်ပအဆိုရှင်
၄။	ချစ်သူတို့လျှောက်သောလမ်းကလေး	ပြင်ပအဆိုရှင်
၅။	ဝါကျွတ်ပဲ့သင်္ကေရယ်	ပြင်ပအဆိုရှင်
၆။	ဆုတောင်းမေတ္တာ	ပြင်ပအဆိုရှင်
၇။	ချစ်စနိုးပွင့်ချိန်	ပြင်ပအဆိုရှင်
၈။	စိန်ရတုချစ်သဘင်ပွဲ	ပြင်ပအဆိုရှင်
၉။	အရိပ်ပမာမခွဲခွာ	ပြင်ပအဆိုရှင်
၁၀။	မောင်ကြီးခေါ်ရာ	ပြင်ပအဆိုရှင်

အမည်ပြောင်း

(၁၁) ဦးဝင်းရွှေ ၁၃/ကလန(နိုင်) ဝ၈၃၈၀၄ ၏သား။ ကလောမြို့နယ်၊ အောင်ပန်းမြို့မှ ဟိန်းရတနာကိုယ်ပိုင် အထက်တန်းကျောင်း Grade-4 မှ မောင်ခွဲလင်းနိုင်အား မောင်ဟိဏ်းခန့်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

လွိုင်ကော်မြို့၊ ရေနီကမ်းကျေးရွာနေ ဦးအောင်ထူး၏သမီး၊ မနေထက်ထက်လိုင်နှင့် မနေထက်လိုင်(နိုင်)၂၀၄၁၁၁၅၅ တစ်ဦးတည်း ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၈-၅-၂၀၂၆ ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၃၃/၂၀၂၆-၂၀၂၇)

